မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လကွယ်နေ့၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၂၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၅၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင်းဖျင်နှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့ညနေ ၄ နာရီ ၃၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၅* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇွန် ၂၁ ရက်)

မိုးနည်းရပ်ဝန်းဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး နိုင်ငံတော်နှင့်အတူ စေတနာရှင်များ ဆက်လက်ပူးပေါင်းပါဝင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၆)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန်လ ၁၉ရက်နေ့က နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသများသည် ရေရရှိရေးအတွက် အချိန်ကုန်လူပန်းခံခဲ့ရပြီး ရရှိသောရေမှာလည်း မသန့်ရှင်းသောကြောင့် ဝမ်းရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ အရေပြားရောဂါများ ဖြစ်ပွားခဲ့ကြရသည်။

ဤသို့သော ရေအခက်အခဲကြုံတွေ့ရမှုကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်က ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ၁၀နှစ် စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာ၌ နိုင်ငံတော်နှင့်စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေများ၊ စေတနာရှင်ပြည်သူများ၏လှူဒါန်းငွေများအပြင် လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများက ဝိုင်းဝန်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

အပူပိုင်းဒေသများတွင် ရေရရှိရေးဆောင်ရွက်နေသကဲ့သို့ အခြားသောရေခက်ခဲသည့် ပြည်နယ်နှင့်တိုင်းများ၌လည်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက ဖော်ဆောင်လျက်ရှိသည်။

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရာ၌ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ၃၄ မြို့နယ်၊ မကွေးတိုင်းတွင် ၂၅ မြို့နယ်၊ မန္တလေးတိုင်းတွင် ၂၃ မြို့နယ် စုစုပေါင်း မြို့နယ်ပေါင်း ၈၂မြို့နယ်တို့၌ သောက်သုံးရေရရှိရေးကို ဆောင်ရွက်ပေးနိုင်သကဲ့သို့ ခရိုင် ၁၉ ခရိုင်ကို ခရိုင်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိရန် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ ရေအခက်အခဲကြုံတွေ့နေရသော အပူပိုင်းဒေသ၊ မိုးနည်းရပ်ဝန်းဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းမှု၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှု၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေခြင်းဖြစ်ပေရာ စက်ရေတွင်းများ ရေရှည်အသုံးပြုနိုင်ရန် ဒေသခံပြည်သူများက အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ॥

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်) စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၀

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက် ၉ နာရီက မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)သို့ ရောက်ရှိလာရာ စက်ရုံမှူး ဦးဝင်းကိုက ထိုးဆေးထုတ်လုပ်ရေးဌာန တိုးချဲ့ပြုပြင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးသည် ထိုးဆေးထုတ်လုပ်ရေး အဆောက်အအုံပြုပြင်ရန်အခြေအနေနှင့် G.M.P စနစ်နှင့်အညီ တိုးချဲ့ပြုပြင်ဆောင်ရွက်မည့် မြို့ပြဆိုင်ရာ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

စမ်းသပ်ထုတ်လုပ်

ယင်းနောက် ဝန်ကြီးသည် သွေးကြောသွင်း ဆေးရည်ထုတ်လုပ်ရေးဌာန၊ ထိုးဆေးထုတ်လုပ်ရေးဌာန၊ ပဋိဇီဝထိုးဆေးဌာနနှင့် တစ်သျှူးမွေးမြူရေးနည်းပညာဖြင့် ခွေးရူးရောဂါကုသဆေး စမ်းသပ်ထုတ်လုပ်ရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၁-၆-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၃၄)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချစ်ခြင်းရဲ့ ရင်ခုန်သံ**
၁၃း၃၀ ၆။ ကျန်းမာသုတ
၁၃း၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၅၈)(ဇာတ်သိမ်းပိုင်း)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၁။ လျှပ်တစ်ပြက်
၆း၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၆၂)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (အပိုင်း-၁၇)

နေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

(၂၂-၆-၂၀၀၉)

၀၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၀၇း၁၅ တရားတော် (အင်္ဂုလိမာလသုတ်+ ဇောဇ္ဈင်္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ
၀၇း၃၀ (၃၈)ဖြာမင်္ဂလာ
၀၇း၃၅ နံနက်ခင်းတေးပဒေသာ
၀၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၀၈း၁၀ နံနက်ခင်းတေးပဒေသာ
၀၉း၀၀ အစီအစဉ်ပြီး၏။

၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ လယ်ယာစီးပွား (မျိုးအတွက် မိုးကြံစိုက်ပျိုးနည်းစနစ်)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ မေတို့တွက်တာအလှကမ္ဘာ (ကိုယ့်ဘော်ဒီနဲ့ကိုယ့်ဖက်ရှင်)
၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ (တရုတ်နည်းပညာတိုးတက်မှု)
၁၁း၄၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း (သိပ္ပံနှင့်နည်းပညာ-၁)
၁၂း၁၀ တေးပဒေသာ
၁၂း၃၀ အားကစားသတင်းပဒေသာ
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။

၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ဘာ့ကြောင့် မောပန်းနွမ်းနယ်နေပါသလဲ)
၁၇း၁၀ ဇာနည်စစ်သည်တေးပန်းချီ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ရေဒီယိုအတိတ်တေးအရိပ် နိုင်ငံရေးဦးတည်ချက်
၁၉း၂၅ ပြုံးပဒေသာ(လက်တန်း)
၁၉း၄၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (စတီရီယိုတေးသံရှင်ဘိုဘိုတို့ဇနီးမောင်နှံ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ သီချင်းကြီးတေးပဒေသာ
၂၁း၁၅ လူမှုရေးဦးတည်ချက် ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၅ တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဟောကြားတော်မူသောတရားတော်
၆း၅၀ ထင်ရှားဖူးမြော်ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူတော်
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၃၈)
၈း၃၀ Sunday Talk [ကိုကို (စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၉း၄၅ Sports World (Sunday Special)
၁၀း၁၅ Activities in the City (ဂီတလုလင်မောင်ကိုကို ပညာသင်ဆု ငွေပဒေသာပင် လှူဒါန်းပွဲ)
၁၀း၃၀ အကြော်ခံဆီအန္တရာယ် (ဒေါက်တာခင်မောင်လွင်)
၁၁း၁၀ စားချင်စဖွယ် နည်းအသွယ်သွယ် (မန္တလေးညှပ်ခေါက်ဆွဲ၊ ဆန်ခေါက်ဆွဲအပြားသုပ် ပြုလုပ်နည်း)
၁၁း၂၀ ဈေးဝယ်လမ်းညွှန် (Blazon ကလေးများအတွက် ကျောင်းဖွင့်ချိန်)
၁၁း၄၀ ဗီဒီယိုပြခန်း
၁၂း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၇)
၁၂း၂၀ သံဓာတ်ကြွယ်ဝကျန်းကျန်းမာမာ လှလှပပ(သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းခြင်းရောဂါအကြောင်း ဆွေးနွေးခြင်း)
၁၂း၄၀ မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ်တို့တည်ရှိရာ
၁း၀၀ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဟောကြားတော်မူသောတရားတော်
၁း၅၀ ထင်ရှားဖူးမြော်ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူတော်
၂း၀၀ MRTV-4 သတင်း
၂း၄၅ နုပျိုလန်းဆန်း Organic Green Tea အစွမ်း
၃း၁၀ မြန်မာ့ကျောက်စိမ်းမြန်မာ့အနုပညာ
၃း၃၅ Shooting Location (ဘဝတံခွန်)
၃း၅၀ ရာဇဝင်မြစ်ကမ်းပေါ်မှ...နားခိုရာ
၄း၁၅ Activities in the City (ဂီတလုလင်မောင်ကိုကို ပညာသင်ဆု ငွေပဒေသာပင် လှူဒါန်းပွဲ)
၄း၃၀ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
၄း၄၅ ရန်ကုန်မြင်ကွင်းကျယ် [Stamford-City Business Institute ၏Summer Kids Program (2009) သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲ]
၅း၀၀ VJ Choice
၅း၃၀ Sports World (Sunday Special)
၆း၀၀ MRTV-4 သတင်း
၆း၁၅ World of Knowledge (Air Crash Investigation; Panic Over Pacific)
၇း၀၀ ဘဝများ (စိုးမြတ်မင်းရဲ့ တစ်နေ့တာဘဝ)
၇း၂၀ စားချင်စဖွယ် နည်းအသွယ်သွယ် (မန္တလေးညှပ်ခေါက်ဆွဲ၊ ဆန်ခေါက်ဆွဲအပြားသုပ် ပြုလုပ်နည်း)
၇း၃၀ ဈေးဝယ်လမ်းညွှန် (Blazon ကလေးများအတွက် ကျောင်းဖွင့်ချိန်)
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် [Stamford-City Business Institute ၏Summer Kids Program (2009) သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲ]
၈း၀၀ MRTV-4 သတင်း
၈း၃၀ နုပျိုလန်းဆန်း Organic Green Tea အစွမ်း
၉း၀၀ Sports World (Sunday Special)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၃၈)
၁၀း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၇)
၁၀း၂၀ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
1. Aegon International Tennis Quarter Final (Replay)
2. NBA Western Conference Final(6) LA LAKERS Vs DENVER NUGGETS
၁၂း၀၅ စေတနာကဖြူ သံဖြူဇရပ်မြို့ရဲ့ ဇီဝိတဒါနအလှူ
၁၂း၃၀ တေးဂီတအစီအစဉ်
၁၂း၄၅ Shooting Location (ဘဝတံခွန်)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင်ရှိရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော မီးသွေးကန်ကျေးရွာ စက်ရေတွင်း ပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို လက်ထောက်အင်ဂျင်နီယာ ဦးဇော်လင်းနိုင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့အား ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

● ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး-သံရုံးယာယီတာဝန်ခံ Mr.Tang Hai နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့်ဇနီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ချန်ဒူးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်၌ ခေတ္တရပ်နားကြပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင် လိုက်ပါလျက် ချန်ဒူးမြို့မှ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ ဒေသစံတော်ချိန် ညနေ၆နာရီခွဲတွင် ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား လေယာဉ်လှေကားထိပ်မှနေ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟူကျန်းယွဲ့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုတို့က ခရီးဦးကြိုဆို နှုတ်ဆက်ကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့အား တရုတ်အမျိုးသမီးငယ်လေးနှစ်ဦးနှင့် မြန်မာအမျိုးသား၊ အမျိုးသမီးငယ်လေးတို့က ဂုဏ်ပြုပန်းစည်းများကို အသီးသီးပေးအပ်၍ ဂါရဝပြု ကြိုဆိုကြသည်။

ဂါရဝပြုကြိုဆို

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၏ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီး ဒေါက်တာ ဒေါ်နွယ်နီဝင်း၊ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းမြို့ရှိ ခေတ္တတည်းခိုမည့် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ (Daoyutai State Guesthouse)သို့ ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီက သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိသော လုပ်ငန်းများအား အရေးယူသွားမည်

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေ (ဗွီစီဒီ၊ ဒီဗွီဒီ) ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်းနှင့် ဗီဒီယိုပြသခြင်း (ရုံနှင့်ပြသခြင်း၊ ကာရာအိုကေခန်းမ-KTV၊ လက်ဖက်ရည်ဆိုင်တွင် ဗီဒီယိုပြသခြင်း၊ စားသောက်ဆိုင်တွင် ဗီဒီယိုပြသခြင်း၊ အမျိုးသား၊ အမျိုးသမီး အလှပြင်ခန်းမ၊ အလှပြင်ဆိုင်တွင် ဗီဒီယိုပြသခြင်း)တို့နှင့်ပတ်သက်သော လုပ်ငန်းလုပ်ကိုင်သူများအား လုပ်ငန်းလိုင်စင် အမြန်ရယူရေး၊ သက်တမ်းလွန် လုပ်ငန်းလိုင်စင်ဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်းမရှိစေရေး၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ရေးတို့အတွက် လုပ်ငန်းရှင်များအား အသိပေးရန် သက်ဆိုင်ရာ မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီများ၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲများမှ တစ်ဆင့် အကြောင်းကြားထားကြောင်းနှင့် ကွင်းဆင်းစစ်ဆေးသည့်အခါ လိုင်စင်မဲ့၊ သက်တမ်းလွန်နှင့် သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိသော လုပ်ငန်းများအား ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အာဆီယံ ဗိသုကာကောင်စီတံဆိပ် ဒီဇိုင်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ ဗိသုကာအသင်းက အာဆီယံနိုင်ငံများကြား ဗိသုကာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်မှုကို ကွပ်ကဲရန် အချက်အချာဖြစ်သည့် အာဆီယံ ဗိသုကာကောင်စီ AAC (ASEAN Architech Council) ကို ကိုယ်စားပြုသော အမှတ်တံဆိပ် Graphic ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ အာဆီယံနိုင်ငံအားလုံးမှ ဗိသုကာနှင့်ဗိသုကာကျောင်းသားများ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆင့်မီအကောင်းဆုံး ငါးခုကို ရွေးချယ်မည်ဖြစ်သည်။

အသင်းသားများသာ ပါဝင်ယှဉ်ပြိုင်နိုင်ပါသဖြင့် အသင်းမဝင်ရသေးသူများ ဇွန်၁၇ရက်မှ ၂၇ရက်အတွင်း ဖုန်း-၀၉-၈၇-၆၃၅၀၀၀၊၀၉-၅၀-၀၁၄၅၆၊ ၀၉-၅၁-၁၆၉၈၂ မြန်မာနိုင်ငံဗိသုကာအသင်းရုံးခန်း အခန်း၃၀၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ(လှိုင်တက္ကသိုလ်ဝင်း) ဖုန်း-၇၂၃၁၀၄၊ ၅၁၉၆၇၃-၆၇၆ (Ext:119) သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မုတ်သားဖွယ်ရာ မိုးရေချိန်

၂၀-၆-၂၀၀၉

နေပြည်တော်	၀ ဒသမ ၁၂ လက်မ
မြောက်ဦး	၄ ဒသမ ၅၇ လက်မ
မချမ်းဘော	၄ ဒသမ ၅၃ လက်မ
ထားဝယ	၃ ဒသမ ၅၄ လက်မ
ကျောက်ဖြူ	၃ ဒသမ ၂၃ လက်မ
ဟားခါး	၂ ဒသမ ၉၉ လက်မ
မော်လမြိုင်	၂ ဒသမ ၅၂ လက်မ

မုတ်သုံလေ ဆက်လက်အားကောင်းမည်

ရန်ကုန် ဇွန် ၂၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ မကွေးတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ၀ ဒသမ ၁၂လက်မ၊ မြောက်ဦးမြို့တွင် ၄ ဒသမ ၅၇လက်မ၊ မချမ်းဘောမြို့တွင် ၄ ဒသမ ၅၃လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ၅၄လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၂၃လက်မ၊ ဟားခါးမြို့တွင် ၂ ဒသမ ၉၉လက်မနှင့် မော်လမြိုင်မြို့တွင် ၂ ဒသမ ၅၂ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇွန် ၂၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီး နိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား အပြစ်မဲ့ကလေးငယ်များ သေဆုံးမှုမြင့်တက်လာ

ကန်တို့၏ အင်အားပြင်းထိုးစစ်များကြောင့် နေအိမ်များပျက်စီး

ကဘူးလ် ဇွန် ၂၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဇွန် ၁၉ရက်က ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကလေးငယ်နှစ်ဦးအပါအဝင် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။ ပြီးခဲ့သည့် ဇွန် ၁၈ ရက်ကလည်း ကန်ဒါဟာပြည်နယ် ကန်ဒါဟာစီးတီးမြို့၌ ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ကလေးငယ်တစ်ဦးနှင့် အင်ဂျင်နီယာတစ်ဦး သေဆုံးခဲ့ရာ အာဖဂန်နစ္စတန်ရှိ ကလေးငယ်များ သေဆုံးမှုဦးရေ များပြားလာလျက်ရှိသည်။

ရပ်ဆိုင်း

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ပြည်နယ်များကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတကာမှ ရရှိသော လှူဒါန်းငွေများ၏ ၉၀ရာခိုင်နှုန်းကို အသုံးပြုရန် စီစဉ်ထားသော်လည်း လုံခြုံရေး မတည်ငြိမ်မှုကြောင့် တည်ဆောက်ရေး လုပ်ငန်းများ ရပ်ဆိုင်းနေရလျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများဟု သံသယရှိသူများကို အမေရိကန်တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးလျက်ရှိသဖြင့် ကျေးရွာသားများမှာ စိုးရိမ်ထိတ်လန့်စွာ ရှောင်တိမ်းပုန်းခိုနေကြရသည်။

လုံခြုံမှုကင်းဝေး

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း အမေရိကန်တို့၏ အင်အားပြင်း ထိုးစစ်များကြောင့် နေအိမ်ပျက်စီးမှုများအပြင် အရပ်သားများ သေဆုံးမှုဦးရေ တိုးမြင့်လာလျက်ရှိရာ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများက စိုးရိမ်ပူပန် လျက်ရှိသည်။

စိုးရိမ်ထိတ်လန့်

အမေရိကန်တပ်ဖွဲ့ဝင်များက အချိန်မရွေး လေကြောင်းမှ တိုက်ခိုက်မည်ကို စိုးရိမ်နေသော အာဖဂန်ပြည်သူများ အနေဖြင့် နေအိမ်များအတွင်း၌ စိုးရိမ်ထိတ်လန့်စွာ နေထိုင်ကြရလျက်ရှိသည်။

(အင်တာနက်)

အပြစ်မဲ့ပြည်သူများ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အကြမ်းဖက်သမားများ၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ အခြေအနေဆိုးရွားနေဆဲဖြစ် စိန်ခေါ်မှုများ ရှိနေဦးမည်ဟု ကုလသမဂ္ဂပြောကြား

ဂျီနီဗာ ဇွန် ၂၀

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အစစအရာရာ ဆိုးရွားနေဆဲဖြစ်ခြင်းကြောင့် ကုလသမဂ္ဂက အီရတ်ပြည်သူများနှင့် အီရတ်အစိုးရအား အကူအညီများ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ဇွန် ၁၈ရက်က ကုလသမဂ္ဂ၌ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ပြိုကျပျက်စီး

ဤသို့ အမေရိကန်နှင့် အပေါင်းပါတပ်များ ကျူးကျော်တိုက်ခိုက်စဉ်အတွင်း အီရတ်နိုင်ငံရှိ အခြေခံအဆောက်အအုံများ ဖြစ်သည့် ဆေးရုံများ၊ ကျောင်းများ၊ လမ်းတံတားများ၊ အစိုးရရုံးများနှင့် လူနေအိမ် အများအပြား ပြိုကျပျက်စီးခဲ့ရသည်။

တိုက်တွန်းထား

ယင်းအခြေခံ အဆောက်အအုံများ ပြန်လည်တိုးတက်ကောင်းမွန်ရေးနှင့် လူသားချင်းစာနာသည့် အကူအညီများ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း အီရတ်ဆိုင်ရာ ကုလသမဂ္ဂအကူအညီပေးရေး မစ်ရှင်အဖွဲ့သို့ တိုက်တွန်းထားသည်။

ပြောကြား

အီရတ်နိုင်ငံသည် စစ်မဖြစ်ခင်က အခြေအနေသို့ ပုံမှန်အနေအထားရောက်အောင် လုပ်ဆောင်ရန် လိုအပ်နေဆဲဖြစ်ကြောင်း၊ စိန်ခေါ်မှုအမျိုးမျိုး ရင်ဆိုင်နေရဦးမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားကြောင်း အထက်ဖော်ပြပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ လမ်းဘေးဗုံးပေါက်ကွဲ ကျန်းမာရေးဝန်ထမ်းနှစ်ဦး အပြင်းအထန်ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၂၀

အီရတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများမှာ နေ့ရာအနှံ့ ဖြစ်ပွားလျက်ရှိရာ ဇွန် ၁၉ရက်ကလည်း လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ကျန်းမာရေးဝန်ထမ်းနှစ်ဦး အပြင်းအထန် ဒဏ်ရာရရှိသွားခဲ့သည်။

ထိမှန်

ဖလူးဂျာမြို့လယ် မူလာမန်ဒေသရှိ လမ်းမကြီးပေါ်၌ လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဌာနမှ အရာရှိတစ်ဦး စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်အား ထိမှန်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ ပါလာသည့် ဆရာဝန်မှာလည်း ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း အဆွတ် အယ်လ်-အီရတ် သတင်းဌာနက ဖော်ပြသည်။

(အင်တာနက်)

ဒဏ်ရာရ

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ အကြမ်းဖက်သမားများ၏ လက်နက်ဖြင့် ပစ်ခတ်မှုကြောင့်ပြင်းထန်စွာ ဒဏ်ရာရရှိသူတစ်ဦး ဆေးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိုးမဲ့အိမ်မဲ့

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှု၊ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများဒဏ်ကြောင့် ဘေးကင်းရာသို့ တိမ်းရှောင်ထွက်ပြေးရကာ အိုးမဲ့အိမ်မဲ့ကြုံတွေ့ရသူများအား တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



ပျက်စီး

အာဖဂန်နစ္စတန်နိုင်ငံ ဖာရာမြို့၌ အမေရိကန်တပ်က လေကြောင်းမှ ပစ်ခတ်ရာ မြို့ရွာအိမ်ခြေများ ပျက်စီးဆုံးရှုံးမှု မြင်ကွင်းကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ အမေရိကန်တို့ ကျူးကျော်ပြီးနောက် ရှေးဟောင်းပစ္စည်း အများအပြားအခိုးခံရ

ကဘူးလ် ဇွန် ၂၀

အမေရိကန်နှင့်အပေါင်းပါတို့က အာဖဂန်နစ္စတန်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အာဖဂန်ပြည်သူများ၏ သမိုင်းအဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ ရာနှင့်ချီ၍ ကဘူးလ်ပြတိုက်မှ အခိုးခံရသည်။

ယခုအခါ အာဖဂန်အစိုးရက ၎င်းတို့၏ရှေးဟောင်းပစ္စည်းများ ပြန်လည်ရရှိရေးအတွက် အာဖဂန်ယဉ်ကျေးမှုဝန်ကြီးဌာနက အထူးရဲတပ်ဖွဲ့ကို ဖွဲ့စည်းစေလျက် နိုင်ငံတစ်ဝန်း ရှာဖွေစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ပျောက်ဆုံးနေဆဲ

ထိုသို့ရှာဖွေစစ်ဆေးရာ ရှေးဟောင်းပစ္စည်းအနည်းငယ်သာ ကဘူးလ်ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိအောင် ကြိုးပမ်းနိုင်ခဲ့ပြီး အများအပြားပျောက်ဆုံးနေဆဲဖြစ်ကြောင်း အာဖဂန်ဒုတိယ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဂျူလန်နာဘီဖာရာဟီက ပြောကြားသည်။

ပျောက်ဆုံးနေသည့် အာဖဂန်ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများတွင် အနှစ် ၉၀၀ကျော်က ကြေးငှက်ရုပ်၊ သမိုင်းမတင်မီက ရှေးဟောင်းပစ္စည်းများ၊ ရှေးခေတ်ဒင်္ဂါးများ ပါဝင်သည်။ အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း အဆိုပါအခိုးခံရသည့်ပစ္စည်းများ ပြန်လည်ရရှိရေး အာဖဂန်ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၁ရက်ကြာ နိုင်ငံတစ်ဝန်း ရှာဖွေမှုများပြုလုပ်ခဲ့ရာ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းပေါင်း ၁၅၀၀ကျော် ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ကျူးကျော်စစ်ဆင်နွှဲခြင်းဖြင့် အမေရိကန်တို့ ကိုယ့်ကိုယ်ကိုကာကွယ်နေ စစ်ပွဲကြောင့်သေဆုံးမှု၊ အကြမ်းဖက်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများဖြစ်ပေါ်

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်မှုကို ထိပါးချိုးဖောက်ခြင်းဖြစ်

ကဘူးလ် ဇွန် ၂၀

အမေရိကန်အများအပြားက အီရတ်စစ်ပွဲကို ဘက်ပြန်နေစဉ်တွင် ၄င်းတို့ထဲမှ အများစုကမူ အာဖဂန်နစ္စတန်နိုင်ငံအပေါ် ဆင်နွှဲသည့်စစ်ပွဲမှာ စိတ်ဓာတ်ရေးရာအရသာမက ဥပဒေရှုထောင့်အရပါ တရားမျှတသည်ဟုထင်မြင်ယူဆနေကြဆဲဖြစ်သည်။ ၄င်းတို့၏အကြောင်းပြချက်မှာ အာဖဂန်နစ္စတန်ကို တိုက်ခိုက်ကာ ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်က အမေရိကန်မြို့ကြီးများကို အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်သည့် ကြံရာပါများအပေါ် လက်တုံ့ပြန်လျက် အမေရိကန်နိုင်ငံက ကိုယ့်ကိုယ်ကို သာမန်အားဖြင့် ကာကွယ်နေခြင်းဖြစ်သည်ဟူ၍ ယူဆသည်။

ဖော်ထုတ်ပြသ

အမေရိကန်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်၏ မူဝါဒများအနက် တစ်ခုကို ဆွဲထုတ်အသုံးပြုလျှင်ပင် အမေရိကန်မူဝါဒများ၏ သဘောသဘာဝတို့ကို ဖော်ထုတ်ပြနိုင်ပေသည်။ အမေရိကန်နိုင်ငံအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် စစ်ဆင်နွှဲခွင့်ရှိလျှင် အခြားနိုင်ငံများအတွက် ထိုအခွင့်အရေးရှိရမည်သာဖြစ်သည်။ ဆိုလိုသည်မှာ အကြမ်းဖက်ဟု သင်္ကာမကင်းရှိသူများရှိသည့် နိုင်ငံတစ်နိုင်ငံကို အခြားနိုင်ငံတိုင်းက ဝင်ရောက် တိုက်ခိုက်ခွင့်ရှိသလိုဖြစ်နေသည်။

စစ်ပွဲဆင်နွှဲ

ယင်းသို့ဆိုလျှင် ပိုဆာဒါကို ဖမ်းဆီးရန် သို့မဟုတ် သတ်ဖြတ်ရန်အတွက် ကျူးဘားနိုင်ငံက အမေရိကန်နိုင်ငံကို တိုက်ခိုက်ခွင့် ရှိလာလိမ့်မည်။ အစိုးရပြောင်းသော်လည်း တတိယကမ္ဘာ့နိုင်ငံများအား စစ်ဆင်တိုက်ခိုက်မှုများ၊ အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံများအား စစ်ရေးကျူးကျော်မှုများအပါအဝင် အမေရိကန်အစိုးရက အကြမ်းဖက်မှုစစ်ပွဲဆင်နွှဲရခြင်း၏ တစ်ခုတည်းသောအကြောင်းရင်းမှာ တတိယကမ္ဘာ့နိုင်ငံများ၏ စစ်အင်အားနှင့်နှိုင်းစာလျှင် အမေရိကန်စစ်အင်အားက အဆမတန် ကြီးမားနေခြင်းကြောင့်ဖြစ်သည်။

လမ်းဆုံး

အမေရိကန်အစိုးရ၏ အကြမ်းဖက်မှုစစ်ပွဲ၌ အင်အားသည်သာ အခွင့်အရေးကို ဖန်တီးပေးခြင်းဖြစ်၏။ သို့သော် ထိုသို့သောစစ်ပွဲများ ဆင်နွှဲရင်း အမေရိကန်အင်ပါယာမှာ ကျယ်ပြန့်လာသည်။ အမေရိကန်ပြည်သူများအနေဖြင့် လမ်းဆုံး၌ရှိနေသောအရာများကိုမြင်တွေ့နေသည်။ ယင်းတို့မှာ သေဆုံးမှု၊ ပျက်စီးမှု၊ ပဋိပက္ခ၊ သဘောထားကွဲလွဲမှု၊ အကြမ်းဖက်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ လွတ်လပ်မှုအပေါ် ထိပါးချိုးဖောက်မှုတို့ပင်ဖြစ်သည်ဟုဆိုသည်။

ကိုးကား - အင်တာနက်

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း နီဂါရာရီလေဆိပ်၌ A(H1N1) တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ရှင်းပြနေသည်ကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

A(H1N1)တုပ်ကွေးရောဂါဖြစ်ပွားသူ မလေးရှားနိုင်ငံတွင် ၄၂ဦးရှိလာ

ကွာလာလမ်ပူ ဇွန် ၂၀

မလေးရှားနိုင်ငံတွင် ပြီးခဲ့သည့်ဇွန် ၂၀ရက် နံနက်ပိုင်းက A(H1N1) တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ ခုနစ်ဦးရှိရာ ယင်းနိုင်ငံတွင် အဆိုပါရောဂါ ကူးစက်ဖြစ်ပွားသူ ၄၂ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြု သတင်းထုတ်ပြန်ခဲ့သည်။

A(H1N1)တုပ်ကွေးရောဂါသည် နေရာကွက်၍ ဖြစ်ပွားကာ ခုနစ်ဦးအား နောက်ဆုံးကူးစက်ခဲ့ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သော်လည်း အသေးစိတ်ကိုမူ ထုတ်ပြန်ခဲ့ခြင်းမရှိချေ။

A(H1N1)တုပ်ကွေးရောဂါ အသစ်ထပ်မံဖြစ်ပွားသူ ခုနစ်ဦးထဲတွင် ကွာလာလမ်ပူမြို့ ကျောင်းတစ်ကျောင်းမှ အသက် ၁၁နှစ်အရွယ် မိန်းကလေးတစ်ဦး ပါဝင်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ဒုက္ခပင်လယ်ဝေနေသော အီရတ်နှင့် အာဖဂန်နစ္စတန်ပြည်သူများ

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် အမေရိကန်တပ်များ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် ၄င်းနိုင်ငံရှိပြည်သူများ ဘေးဒုက္ခအဖုံဖုံ ကြုံတွေ့နေရသည့် မြင်ကွင်းများကို ဤသို့မြင်တွေ့နိုင်သည်။

ဒဏ်ရာပြင်းထန်

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက် မှုကြောင့် အရပ်သား တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဝမ်းနည်းကြေကွဲဖွယ်

အီရတ်နိုင်ငံ ဘာကူဘာမြို့၌ အမေရိကန်တပ်များ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် ပြည်သူတစ်ဦးအတွက် မိသားစုဝင်တစ်ဦး၏ ဝမ်းနည်းကြေကွဲဖွယ်မြင်ကွင်း....

(အင်တာနက်ဓာတ်ပုံ)

စားနပ်ရိက္ခာအခက်အခဲကြုံ

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ အကြမ်းဖက်သမားများ လက်နက်ကြီးများဖြင့် ပစ်ခတ်ရာမှ အီရတ်တပ်ဖွဲ့မှ ပြန်လည်ထိုးစစ်ဆင် တိုက်ခိုက်သဖြင့် ပြည်သူအများ မိမိတို့နေထိုင်ရာအရပ်မှ ထွက်ပြေးကြရာ စားနပ်ရိက္ခာအခက်အခဲများနှင့် ကြုံတွေ့နေကြရသည်။

(အင်တာနက်ဓာတ်ပုံ)

ဗုံးဖောက်ခွဲမှုကြောင့် အရပ်သားသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အကြမ်းဖက်သမားများ၏ အဝေးထိန်းစက်ခလုတ်ဖြင့် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့်အာဖဂန်ပြည်သူတစ်ဦးအား သယ်ယူနေသည်ကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို ပေကျင်းအမျိုးသားအားကစားရုံ (Bird Nest) နှင့် Water Cube များကို ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၆ရက် နံနက် ၈နာရီ မိနစ် ၄၀တွင် ပေကျင်းမြို့ **Ba Da Chu** ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံတော်မူသည့် **Ling Guang Si Buddhist Temple** သို့ ရောက်ရှိကြရာ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေ၊ တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာကျန့်လင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

ဓမ္မတေးသံသာ

ထိုသို့ ရောက်ရှိချိန်တွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား တရုတ်ဗုဒ္ဓဘာသာအသင်းသူ အသင်းသားများက ဂုဏ်ပြုသည့်ကြို ဓမ္မတေးသံသာများဖြင့် တီးမှုတ်၍ ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လင်ကွမ်းစီစွယ်တော် ကျောင်းတိုက်ကျောင်းထိုင်ဆရာတော် ချန်ဇန့်နှင့် ဆရာတော်များအား ဖူးမြော်ကန်တော့ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့သည် လင်ကွမ်းစီစွယ်တော်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထု၊ အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီး၊ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကျောင်းထိုင်ဆရာတော်ချန်ဇန့်က ဓမ္မလက်ဆောင်များကို ချီးမြှင့်သည်။

ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်သို့ ရောက်ရှိကြ၍ ဗုဒ္ဓစွယ်တော်မြတ်နှင့် မြန်မာနိုင်ငံမှလှူဒါန်းထားသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ပန်း၊ ရေချမ်း၊ သစ်သီးများကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုရာ ဆရာတော်ချန်ဇန့်က ဗုဒ္ဓစွယ်တော်မြတ်၏သမိုင်းကြောင်း၊ ဗုဒ္ဓစွယ်တော်မြတ် မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီတော်မူ၍ အပူဇော်ခံခဲ့မှု၊ မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်စံပယ်နေမှုများကို ရှင်းလင်းမြွက်ကြားတော်မူသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူခဲ့သည့် မူလစွယ်တော်မြတ် စေတီဟောင်းနေရာသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းအမျိုးသားအားကစားရုံ (Bird Nest) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက Bird Nest အားကစားရုံ တည်ဆောက်ခဲ့မှုနှင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့အိုလံပစ်အားကစားပွဲများ ကျင်းပခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် Bird Nest အားကစားရုံကြီးကို ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ပေကျင်းအမျိုးသားအားကစားရုံကြီး(Bird Nest)နှင့် ကပ်လျက်တည်ဆောက်ထားသော Water Cube သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက Water Cube တည်ဆောက်ထားမှုနှင့် ၂၀၀၈ခုနှစ် ကမ္ဘာ့ အိုလံပစ်အားကစားပြိုင်ပွဲကျင်းပချိန်တွင် ရေကူးအားကစားပြိုင်ပွဲများ ကျင်းပပေးနိုင်ခဲ့မှုနှင့် Water Cube အဆောက်အအုံအတွင်း အားကစားမျိုးစုံ လေ့ကျင့်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် Water Cube အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တည်ဆောက်ထား

အဆိုပါ အဆောက်အအုံကို ၂၀၀၈ခုနှစ် ဇန်နဝါရီ၂၈ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်းသိရှိရပြီး ၂၀၀၈ခုနှစ် အိုလံပစ်ရေကူးအားကစားပြိုင်ပွဲများကျင်းပခဲ့ကြောင်း၊ အဆောက်အအုံကို ပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာနှင့် အဆင့်မြင့်စွမ်းအင်သုံးစွဲစေသော နည်းပညာများဖြင့် တည်ဆောက်ထားကြောင်းသိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ပေကျင်း အမျိုးသားအားကစားရုံ (Bird Nest) နှင့် ကပ်လျက် တည်ဆောက်ထားသည့် Water Cube အတွင်း ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)



* ကျောဖုံးမှ

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ပြည်သူ့ခန်းမဆောင်ကြီးသို့ ရောက်ရှိကြရာ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ဝင်ပေါက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

အလေးပြုခြင်းခံယူ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ Great Hall of People အရှေ့ဘက်ခန်းမကြီး၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်တို့ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ Great Hall of People အရှေ့ဘက်ခန်းမကြီး၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ်၊ နယုန်လကွယ်နေ့
(ဥပုသ်နေ့)
၂၁-၆-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ သက်တံရောင်သံစဉ်
၈း၂၀ ၇။ မြန်ပြည်တစ်လွှား လမ်းတံတားများ
၈း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၈း၅၀ ၁၁။ အဆိုပြိုင်ပွဲ

နေ့လယ်ပိုင်း

၁၁း၀၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁း၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၄)
၁၂း၂၀ ၅။ Golf Magazine (TV)
၁၃း၀၀ ၆။ မြန်မာရုပ်ရှင် **သူငယ်ချင်းသုံးယောက် ရှိလေသည်** စိုးသူ၊ရဲအောင်၊ ထွန်းအိန္ဒြာဗို၊ တင့်တင့်ထွန်း (ဒါရိုက်တာ-သက်မောင်မောင်)
၁၄း၄၀ ၇။ International News

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL-Cup 2009 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ကမ္ဘောဇ F.C အသင်းနှင့် ရန်ကုန်ယူနိုက်တက် F.C အသင်း)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၃၀ ၄။ မိုးလေဝသအခြေအနေ
၆း၃၅ ၅။ ကာတွန်းအစီအစဉ် **Pocket Dragon Adventure**
၆း၅၅ ၆။ တစ်မျက်နှာ တစ်ကွက်စာ **မိုးညတစ်ည** အောင်မြင့်ဗိုလ်၊ ခင်သန်းနွယ်၊ ခိုင်ပွင့် (ဒါရိုက်တာ -ကျော်နှင်းဆီ)
၇း၀၅ ၇။ မူဟန်သွယ်သွယ်ဆိုကြမယ်
၇း၁၅ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပေါ်ပြူလာအချစ်** (အပိုင်း-၄)
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၁၈)
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်**(အပိုင်း-၂၁)
၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

ပေကျင်းအမျိုးသားအားကစားရုံ ဇွန် ၁၆ ရက်က ပေကျင်းအမျိုးသားအားကစားရုံ **Bird Nest** ကို တွေ့ရစဉ်။ (သတင်း စာ - ၆) (သတင်းစဉ်)

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ခင်မင်ရင်းနှီးသော အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးမူဝါဒကို ချမှတ်ထား မြန်မာနိုင်ငံ၏ တရားမျှတမှုရှိသော အကျိုးစီးပွားအတွက် မြန်မာနိုင်ငံဘက်မှ ရပ်တည်သွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်တို့ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမကြီး၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင်းဖျင်တို့သည် ဇွန် ၁၆ ရက် ညနေ ၅ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၏ အရှေ့ဘက်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Wang Guangya၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Mu Hong၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Chen Jian နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တိုးတက်ဖြစ်ထွန်း

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်က အဆွေတော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လာရောက်ခဲ့ခြင်းကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံတို့မှာ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်ပြီး နှစ်နိုင်ငံပြည်သူများ ကူးလူးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိပါကြောင်း။

အောင်မြင်မှုအသစ်များပေါ်ထွန်းလာမည်

အဆွေတော် ယခုတစ်ခေါက် လာရောက်လည်ပတ်ခြင်းမှာ မြန်မာအစိုးရနှင့် ပြည်သူများမှ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးအပေါ် မည်မျှ အလေးထားသည်ကို ပြသရာရောက်ပါကြောင်း၊ ထို့အပြင် ယခုတစ်ခေါက် ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး အောင်မြင်မှုအသစ်များ ပေါ်ထွန်းလာမည် ဖြစ်ပါကြောင်းဖြင့် ပဏာမပြောကြားသည်။

မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းစီမံချက် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် China National Petroleum Corporation မှ Vice President မစ္စတာ လျောင်ယို့ယွမ်တို့ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

ခေတ်မီတိုးတက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဆွေးနွေးပြောကြားရာတွင် မိမိနှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့အား သာယာလှပပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်လျက်ရှိသည့် ပေကျင်းမြို့သို့ ရောက်ရှိစဉ် အချိန်ကာလကစတင်၍ လှိုက်လှဲနွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ပြီး ဧည့်ဝတ်ကျေပွန်မှုတို့အတွက် ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးမှာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ဖြစ်သည်နှင့်အညီ မိမိတို့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ရောက်ရှိစဉ် မှာပင် မိမိတို့၏ ဆွေမျိုးအရင်းအချာများထံသို့ ရောက်ရှိရသကဲ့သို့ ခံစားရပြီး များစွာ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အဆွေတော် အပါအဝင် တရုတ်ခေါင်းဆောင်များထံသို့ ခင်မင်ရင်းနှီးစွာ နှုတ်ခွန်းဆက် ဆုတောင်းမေတ္တာပို့သလိုက်ပါကြောင်းကိုလည်း ပြောကြားလိုပါ ကြောင်း။

မိမိ ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက်သည့် ခရီး စဉ်၏ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု ကို ပိုမိုတိုးမြှင့်သွားရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွား ရန်တို့အတွက် ဖြစ်ပါကြောင်း။

အိမ်နီးချင်းမိတ်ဆွေနိုင်ငံ

ယနေ့ကျင်းပမည့် ဆွေးနွေးပွဲသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ခင်မင်ရင်းနှီးသော အိမ်နီးချင်းမိတ်ဆွေနိုင်ငံများ ဖြစ်သည်ဆိုသည့်အချက်၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးသမိုင်းမှာ မှတ်တမ်းတင်ရမည့် ပူးပေါင်းဆောင် ရွက်မှုများ ဖြစ်ထွန်းလျက်ရှိသည့် အချက်နှင့် ဆွေမျိုးပေါက်ဖော် ညီအစ်ကို ဆက်ဆံရေးအပေါ် အခြေခံပြီး ဆွေးနွေးမည်ဖြစ်သည့်အတွက် အောင်မြင်ပြီး အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာမည့် တွေ့ဆုံ ဆွေးနွေးမှုဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုအခြေအနေနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်နှင့်အညီ အတူတကွ ပူးပေါင်းနေထိုင် လာခဲ့မှုနှင့် နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများ အပြန်အလှန် ချစ်ကြည်ရေး သွားရောက်ခြင်းဖြင့် ချစ်ကြည်ရေး ပိုမိုတိုးတက်ဆောင်ရွက်နိုင်မှု အခြေအနေ များကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကိုလည်းကောင်း၊ နာဂစ်မုန်တိုင်း ကယ်ဆယ်ရေး လုပ်ငန်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့လှူဒါန်းမှုနှင့် အနာဂတ် ကာလတွင် အလားတူ သဘာဝဘေးအန္တရာယ် ထပ်မံ မကြုံရအောင် ရှေရှည် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအစီအမံများ၊ ဆောင်ရွက်ထားရှိမှု အခြေ အနေများကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးပြောကြားပြီး အဆွေတော် ဒုတိယသမ္မတအနေဖြင့် အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်ပါရန် ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင်းဖျင်က ပြန်လည်ပြောကြားရာတွင် အဆွေတော်အနေဖြင့် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ အသေးစိတ်ပြောကြား၍ ကျေးဇူးတင်ရှိပါကြောင်း။

ဆုမွန်ကောင်းတောင်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင် ကြီးများထံ နှုတ်ဆက်ပါကြောင်းကို အဆွေတော်မှတစ်ဆင့် ပြောကြားသည့် အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သမ္မတကြီး ဟူကျင်တောင်ကို ကိုယ်စားပြု၍ မိမိမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မြန်မာခေါင်းဆောင်များကို ဆုမွန် ကောင်း တောင်းလိုက်ပါကြောင်း။

အဆွေတော်မှ မြန်မာနိုင်ငံသို့ လာရောက်ပါရန် ဖိတ်ခေါ်ခဲ့သဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်ဖက်အဆင်ပြေသည့် အချိန်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရန် ကြိုးစားမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်

တရုတ်-မြန်မာပြည်သူများမှာ ရှေးပဝေသဏီကပင် ဆက်ဆံခဲ့ကြပြီး ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံမှု အစောဆုံးနိုင်ငံတစ်ခုဖြစ်ပြီး လာမည့်နှစ်တွင် သံတမန် ဆက်ဆံရေး နှစ်(၆၀)ပြည့်မည်ဖြစ်၍ ဝမ်းမြောက်ရပါကြောင်း။

တိုးတက်ဖြစ်ထွန်း

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင် ရေးမူကြီး (၅)ချက်ကို အတူတကွပြဋ္ဌာန်းခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန် လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ ကဏ္ဍစုံတွင် တစ်နေ့တခြား တိုးတက်လျက်ရှိနေပါကြောင်း၊ နိုင်ငံရေးတွင်သာမက စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့် တပ်မတော်ပိုင်းနှင့် အခြားကဏ္ဍများတွင်ပါ တိုးတက်ဖြစ်ထွန်း လျက်ရှိပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး အောင်မြင်ဖြစ်ထွန်းစေရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တို့အတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့၏ ကြိုးပမ်းဆောင်ရွက်မှုကို ထောက်ခံပါကြောင်း။

ပိတ်ဆို့မှုမပြုလုပ်သင့်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မြန်မာပြည်သူများနှင့် အစိုးရတို့ကသာ ဖြေရှင်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု၊ အရေးယူပိတ်ဆို့မှုများလည်း မပြုလုပ် သင့်ပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအား ဆက်လက်ထောက်ခံသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏တရားမျှတမှုရှိသော အကျိုးစီးပွားအတွက် မြန်မာနိုင်ငံဘက်မှ ရပ်တည်သွားမည်ဖြစ်ပါကြောင်း။

မြန်မာအစိုးရ၏ နိုင်ငံရေးဆိုင်ရာ ရှေ့ဆက်သွားမည့် လမ်းစဉ်(၇)ရပ်ကို ကြိုးပမ်း အကောင်အထည်ဖော်နေသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဒီမိုကရေစီထွန်းကားရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်မှုများ အောင်မြင်နေ၍ ဝမ်းမြောက်မိပါကြောင်း။

ထိန်းသိမ်းနိုင်မည်

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို မစွက်ဖက်ရေး မူဝါဒကို ချမှတ်ထားပြီး တရုတ်-မြန်မာ နယ်စပ်တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။

* **နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုအခြေအနေနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်နှင့်အညီ အတူတကွ ပူးပေါင်းနေထိုင်လာခဲ့။**

* **နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အပြန်အလှန် ချစ်ကြည်ရေး သွားရောက်ခြင်းဖြင့် ချစ်ကြည်ရေးပိုမိုတိုးတက်ဆောင်ရွက်နိုင်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

* **အခြေအနေများ မည်ကဲ့သို့ပင် ပြောင်းလဲစေကာမူ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်း နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး မြန်မာနိုင်ငံ၏ တရားမျှတသော အကျိုးစီးပွားကို ထိန်းသိမ်းသွားမည်။**

* **တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအား ဆက်လက်ထောက်ခံသွားမည်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်

လက်မှတ်ရေးထိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော စီးပွားရေးနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက် ကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် တရုတ်နိုင်ငံစီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး မစ္စတာချန်ကျန့် တို့ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု တွင် အခက်အခဲများကို ကြိုးပမ်းကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးဦးတည်ချက်များ၊ စီးပွားရေးဦးတည်ချက်များနှင့် တစ်နိုင်ငံလုံး၏ ဖွံ့ဖြိုးရေးကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါ ကြောင်း။

မိတ်ဆွေကောင်းနိုင်ငံ

အခြေအနေများ မည်ကဲ့သို့ပင် ပြောင်းလဲစေကာမူ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ တရား မျှတသော အကျိုးစီးပွားကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေး ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံ နိုင်ငံရေးပူးပေါင်း ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင် ရွက်မှုအခြေအနေ၊ လက်ရှိကြုံတွေ့နေရသည့် ကမ္ဘာ့စီးပွားရေးနှင့်ငွေကြေးအကျပ်အတည်းကိစ္စ၊ မြန်မာနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍများ တွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် အခြားကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင် အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ China Power Investment Corporation တို့အကြား ချုပ်ဆိုသော မေခ၊ မေလိခနှင့် ဧရာဝတီမြစ်ဆုံ၊ မြစ်ညာမြစ်ဝှမ်းများတွင် ရေအားလျှပ်စစ် စီမံကိန်းများ ဖြစ်ထွန်းတိုးတက်ရေး၊ လည်ပတ်ရေးနှင့် လွှဲပြောင်းပေးအပ် ရေးတို့အတွက် သဘောတူညီမှု စာချွန်လွှာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် China Power Investment Corporation မှ President မစ္စတာ လူချိကျို တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုးပွဲ

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံ သဘောတူညီချက်၊ သဘောတူညီမှုစာချွန်လွှာနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအပြီး ည ၆ နာရီခွဲတွင် ပြည်သူ့ခန်းမဆောင်ကြီး၏ ဟေဘေး(Hebei) ခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ချုပ်ဆိုသော "စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (Agreement on Economic and Technical Cooperation Between the Government of the Union of Myanmar and the Government of the People's Republic of China)ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးစိုးသာနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာချန်ကျန့် တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူညီချက်ကို အပြန်အလှန်လဲလှယ်ကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ China Power Investment Corporation တို့အကြား ချုပ်ဆိုသော "မေခ၊ မေလိခနှင့် ဧရာဝတီမြစ်ဆုံ၊ မြစ်ညာမြစ်ဝှမ်းများတွင် ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်ထွန်းတိုးတက်ရေး၊ လည်ပတ်ရေးနှင့် လွှဲပြောင်းပေးအပ်ရေး"တို့အတွက် သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement between Department of Hydropower Implementation and China Power Investment Corporation for the Development,Operation and Transfer of the Hydropower Projects in Maykha,Malikha and Up-Stream of Ayeyawaddy Myitsone River Basins ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် China Power Investment Corporation မှ President မစ္စတာ လူချိကျိုတို့က လက်မှတ်ရေးထိုးကြပြီး သဘောတူညီမှုစာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြသည်။

အပြန်အလှန်လဲလှယ်

ဆက်လက်၍ မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းစီမံချက် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding Relating to Development Operation and Management of the Myanmar-China Crude Oil Pipeline Project) ကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် China National Petroleum Corporation မှ Vice President မစ္စတာလျောင်ယို့ယွမ်တို့က လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇွန် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်က ဇွန် ၁၉ရက် ညနေ ၆နာရီ ၄၅မိနစ်တွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၏ အနောက်ဘက်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ မစ္စတာဟန်ချီတယ်၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ကွမ်းယ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို ၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာမုဟုန်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာချန်ကျန့်တို့ တက်ရောက်ကြသည်။

ဂုဏ်ပြု ညစာစားပွဲကျင်းပသည့် ခန်းမဆောင်သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်လာကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ဧည့်ခံဖျော်ဖြေ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီး၊ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ညစာသုံးဆောင်နေစဉ်တွင် တရုတ်ရိုးရာယဉ်ကျေးမှု တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် ကျောက်ယုထိုင် နိုင်ငံတော် ဧည့်ရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၂၃)ထွက်ရှိ

ရန်ကုန် ဇွန် ၂၀

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၂၃)၌ မြန်မာအစကို ရှာဖွေသည့် ဆရာချစ်စံဝင်းရေးသော 'တကောင်းအိုးအမှတ် (၃)' Myanmar Discovery၊ ဆရာမန်းတင်၏ 'ညီညွတ်ရေးဒုတိယပိုင်း' Myanmar Channel၊ ခေတ်ပေါ်နည်းပညာနှင့် ဂိမ်းများအကြောင်း လေ့လာလိုသူများအတွက် 'ဗိုင်းရပ်စ်ကာကွယ်ဆော့ဖ်ဝဲသစ်နှင့် IRON MAN ဂိမ်းသုံးသပ်ချက်' Tech VIEW ကဏ္ဍ၊ ဂျာမနီတွင် အလုပ်လုပ်ရမည်ဆိုသည့် ကုမ္ပဏီတစ်ခု၏ ဆောင်ရွက်ချက်နှင့် ပတ်သက်၍ ဂျာမနီသံရုံးက သတိပေးကြေညာချက်ထုတ်ပြန်၊ နှစ်ပေါင်း ၁၇၇နှစ်ကြာမြင့်မှ ထပ်မံဖြစ်ပေါ်မည့်နေကြတ်ခြင်း မြန်မာနိုင်ငံမှ မြင်ရမည်၊ သဘာဝဘေးကျရောက်နိုင်သည့် ဂြိုဟ်ပူးခြင်းများဖြစ်ပေါ်မည်၊ လုပ်ငန်းအတွေ့အကြုံမရှိသေးသည့် လူငယ် ၂၀၀ခန့် ဒူဘိုင်းဟိုတယ်များအတွက် ခေါ်ယူမည်၊ A(H1N1) ရောဂါစစ်ဆေးသည့်စက်များ မြန်မာနိုင်ငံတွင် ထပ်မံတပ်ဆင်ရန်စီစဉ်၊ ရေတာရှည်လမ်းသစ်တွင် သံချေးတက်နေသည့် လက်ပစ်ဗုံးတစ်လုံးတွေ့ရှိ၊ တက္ကသိုလ်ပညာသင်ဆုသတင်းများ စသည့်ပြည်တွင်းရေးရာ သတင်းများနှင့်အတူ 'စားသုံးသူက ကုန်ပစ္စည်းကို မြင်ရုံနဲ့သိနိုင်ဖို့အတွက် အရည်အသွေးနဲ့ပတ်သက်တဲ့လက်မှတ်ထုတ်ပေးရင် သုံးစွဲသူတွေအဆင်ပြေမယ်' ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှ ဒေါက်တာစိုးထွန်းနှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း၊ ရိုးရိုးသားသားစီးပွားရှာကြသူများ၊ မိတ်ဆွေကောင်းပီသစေချင် ကဲ့သို့သော ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကျွန်တော်တို့နိုင်ငံကို အင်အားချည့်နဲ့စေလိုတဲ့ရည်ရွယ်ချက်နဲ့ ပူးပေါင်းကြံစည်မှုတွေရှိနေပါတယ်' ပါကစ္စတန်သမ္မတဟောင်း ပါဗက်မူရှာရက်ဖ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ပြည်တွင်းဖြစ်ပစ္စည်းများသာသုံးစွဲရန် တရုတ်တွင် ဥပဒေပြဋ္ဌာန်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် တာဝန်အတွက် တိုးတက်မှုများလုပ်ဆောင်ပြရန် ဘန်ကီမွန်းအနေဖြင့် လိုအပ်ချက်ရှိနေဆဲ၊ အမိုက်သိမ်းဝန်ထမ်းတို့ကြောင့် အိမ်ရှင်များ အနှောင့်အယှက်မဖြစ်စေရန် ကြီးကြပ်သူအဖွဲ့ လိုက်ပါကွပ်ကဲ၊ ဆေးလိပ်ထုတ်လုပ်သူ များကို တိုးမြှင့်ထိန်းချုပ်မည့် ဥပဒေမူကြမ်းအတည်ပြု၊ ပူရှိန်းပြားစားခြင်းဖြင့် တုပ်ကွေးရောဂါကူးစက်ခြင်းမှ တားဆီးနိုင်၊ ဆယ်ကျော်သက် ယောက်ျားလေးများအတွက် ကွန်ဒုံးအခမဲ့ယူနိုင်သည့် ကတ်များထုတ်ပေး စသည့်နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အီရတ်မြောက်ပိုင်း ကယ်ကွတ်၌ ကားဗုံးပေါက်ကွဲ ၇၅ ဦးသေဆုံး၊ ၁၇၀ခန့် ဒဏ်ရာရ

ကယ်ကွတ် ဇွန် ၂၀

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် ဇွန်၂၀ရက် မွန်းလွဲပိုင်းက ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သား ၇၅ဦးသေဆုံးပြီး လူ ၁၇၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ထရပ်ကားဗုံး

ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်ထားသည့် ထရပ်ကားတစ်စီးကို ဘတ်စ်ကားများ ရပ်နားထားသည့်နေရာ၌ထားရှိပြီး ဝတ်ပြုဆုတောင်းသူများ အဆောက်အအုံတွင်းမှ ထွက်လာချိန်၌ ဖောက်ခွဲတိုက်ခိုက်ရာမှ ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိုးလာနိုင်

ကားဗုံးပေါက်ကွဲမှုကြောင့် အပြင်းအထန်ဒဏ်ရာရရှိသူများရှိနေရာ သေဆုံးသူဦးရေ တိုးမြင့်လာနိုင်ကြောင်း၊ ဒဏ်ရာရရှိသူများကို ကယ်ကွတ်ဆေးရုံသို့ တင်ပို့ကာ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အသက် ၁၁နှစ်အရွယ်မှစတင်ပြီး ကိုယ်လက်လေ့ကျင့်ခန်းလုပ်လျှင် အရွယ်ရောက်ချိန်တွင် သွေးတိုးနှင့် စိတ်ကျရောဂါများမဖြစ်ပွားနိုင်

အသက် ၁၁နှစ်အရွယ် ကလေးငယ်များအနေဖြင့် တစ်နေ့လျှင် ၁၅မိနစ်ခန့် ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးပါက အရွယ်ရောက်လာချိန်တွင် သွေးတိုးရောဂါနှင့် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများမှုကို မဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်ကြောင်း ဂျာမန်ဆေးသုတေသနပညာရှင်များက ပြောကြားသည်။

ဆယ်ကျော်သက်

ဆယ်ကျော်သက်အရွယ်တွင် ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်သူများသည် သွေးအတွင်း ကိုလက်စထရောများကို ဖယ်ရှားသန့်စင်နိုင်စွမ်းရှိပြီး သွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေသည့်အပြင် သွေးအတွင်း အဆိပ်ထွက်မှုများကိုလည်း ချေဖျက်နိုင်စွမ်းရှိသည်ဟု ၎င်းတို့က ပြောကြားသည်။

သုတေသနပြု

အသက် ၁၁နှစ်အရွယ် ကလေးငယ် ၁၈၀ဦးကို ငါးနှစ်ကြာ သုတေသနပြုခဲ့ရာ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းလုပ်သူများ သွေးတိုးရောဂါနှင့် အဝလွန်မှုများ ဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရသည်ဟု ဆို၏။

နေ့စဉ် ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်လုပ်သည့် လူငယ်များသည် စိတ်ကျရောဂါနှင့် စိတ်ပိုင်းဆိုင်ရာရောဂါများ ဖြစ်ပွားမှုမရှိကြောင်း ဂျာမန်ဆေးသုတေသနပညာရှင်များက ပြောကြားသည်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်း

ကမ္ဘာ့ရေနံဈေးကွက်တွင် ဈေးနှုန်းကျဆင်းလျက်ရှိသည်။ နယူးယောက် ဈေးကွက်၌ ဇွန်၂၀ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၉ဒသမ ၅၅ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က သတင်းထုတ်ပြန်သည်။

တရုတ်အနောက်တောင်ပိုင်း၌ ရေလွှမ်း

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းမြူနီစီပယ်ဒေသတွင် ဇွန်၂၀ရက်က မိုးသည်းထန်ပြီး ရေလွှမ်းခဲ့ရာ ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ တိုက်ခိုက်ရေးသမား ၃၈ဦးသေဆုံး

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖရွန်တီယာပြည်နယ်တွင် ဇွန်၂၀ရက် နံနက်၌ အစိုးရတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးပြုလုပ်ခဲ့ရာ လက်နက်ကိုင်တိုက်ခိုက်ရေးသမား ၃၈ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားရှိ ဆူမတြားကျွန်း၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းကမ်းလွန်တွင် ဇွန်၂၀ရက် နံနက်က ရစ်ချ်တာစကေး ၆ရှိသော အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ငလျင်လှုပ်မှုကြောင့် ဆူမတြားကျွန်းရှိ ဘန်ကူလူမြို့တွင် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ မြင့်တက်လျက်ရှိရာ ဇွန်၂၀ရက်က အမေရိကန်ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၃၉ဒသမ ၇၀အထိ မြင့်တက်ခဲ့ကြောင်း အမေရိကန်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးလိုက်ပါလာသောလေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး လိုက်ပါစီးနင်းလာသော လေယာဉ်သည် လေယာဉ်မှူးထိုင်ခုံအောက်မှ မီးခိုးများထွက်လာသဖြင့် မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

ပါကစ္စတန်ရှိ ပီဇာဝါနိုင်ငံတကာလေဆိပ် ယာယီပိတ်

ပါကစ္စတန်နိုင်ငံ ပီဇာဝါနိုင်ငံတကာလေဆိပ်အား အကြမ်းဖက်သမားများက ဗုံးခွဲ တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခဲ့သည့်အတွက် ဇွန် ၂၀မှစတင်ကာ နှစ်ရက်ကြာ ယာယီပိတ်ထားမည်ဟု ပါကစ္စတန်လေကြောင်း အရာရှိများက ပြောကြားသည်။

အာဂျင်တီးနားနှင့်ချီလီနယ်စပ်၌ သဲမုန်တိုင်းတိုက်ခတ်

အာဂျင်တီးနားနှင့် ချီလီနှစ်နိုင်ငံနယ်စပ်၌ ဇွန် ၂၀ရက် မွန်းလွဲပိုင်းက သဲမုန်တိုင်း ပြင်းထန်စွာတိုက်ခတ်ခဲ့ရာ နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းနေသော ကုန်တင်ယာဉ်အစီး ၇၀၀ခန့် ရပ်ဆိုင်းထားရကြောင်း အာဂျင်တီးနားနိုင်ငံ ကုန်သွယ်ရေးအရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်အရှေ့ပိုင်း၌ မုန်တိုင်းသတိပေးချက်ထုတ်ပြန်

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်အရှေ့ပိုင်းနှင့် ဖူကျင်းပြည်နယ်တောင်ပိုင်းဒေသများအား နောက်ထပ် ၂၄နာရီအတွင်း လန်ဖာအမည်ရှိ မုန်တိုင်းတိုက်ခတ်မည်ဟု တရုတ်မိုးလေဝသဌာနမှ ဇွန် ၂၀ရက် မွန်းလွဲပိုင်းက သတိပေးချက်ထုတ်ပြန်ထားသည်။

(အင်တာနက်)

ငါးရစ်ငါးသန်
ဘေးမဲ့ချန်
ပုံမှန်စားသုံး
မျိုးမသုဉ်း

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

လီဗာပူးမှ ဒိုစ်ဆီနာအား ဂျူဗင်းတပ်စ်ခေါ်ယူလို

လီဗာပူးနောက်ခံလူ ဒို့စ်ဆီနာအား ဂျူဗင်းတပ်စ်အသင်းခေါ်ယူရန် ကမ်းလှမ်းထားကြောင်း လီဗာပူးကလပ်မှ သတင်းထုတ်ပြန်သည်။ ဒို့စ်ဆီနာသည် လီဗာပူးတွင် ပုံမှန်ပွဲထွက်ခွင့်မရသဖြင့် အသင်းပြောင်းရန် ကြိုးစားနေသူဖြစ်သည်။

ဘီနီတက်စ်အား ဘာမင်ဂမ်က ပြောင်းရွှေ့ကြေး ခြောက်သန်းကျော်ပေး

အီကွေဒေါတိုက်စစ်မှူး ခရစ်စတင်းဘီနီတက်စ်အား ဘာမင်ဂမ်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၆ ဒသမ ၁ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အင်တာတိုက်စစ်မှူး ဘာလိုတီလီအား ဝက်စ်ဟမ်းခေါ်ယူမည်



အင်တာမီလန်လူငယ်တိုက်စစ်မှူး ဘာလိုတီလီအား ဝက်စ်ဟမ်းအသင်းက အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်သည်။

ဘင်ဇီမာအား ထိပ်တန်းအသင်းများ စိတ်ဝင်စား

လိုင်ယွန်တိုက်စစ်မှူး ဘင်ဇီမာကို မန်ယူ၊ ရီးရဲမက်ဒရစ်နှင့် ချယ်လ်ဆီးတို့က ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်း ဘင်ဇီမာ၏ အေးဂျင့်က ပြောကြားခဲ့သည်။

ဂျီမီနက်ဇ်အား ဝက်စ်ဟမ်း စာချုပ်ချုပ်မည်

ဝက်စ်ဟမ်းအသင်းက ချီလီနှင့်အင်တာမီလန်ကွင်းလယ်ကစားသမား ဂျီမီနက်ဇ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်သည်။

ဘက်ဆွန်အား အာဆင်နယ်ခေါ်ယူလို

နယူးကာဆယ် နောက်တန်းကစားသမားဘက်ဆွန်အား အာဆင်နယ်က ပြောင်းရွှေ့ကြေး ပေါင်၁၀သန်းပေး၍ ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

တီဗက်ဇ် မန်ယူ၌ ဆက်ကစားလို

မန်စီးတီးအသင်းက တီဗက်ဇ်ကို ခေါ်ယူရေး စဉ်းစားနေရာ မိမိအနေဖြင့် မန်ယူ၌သာ ဆက်လက်ကစားလိုကြောင်း တီဗက်ဇ်က ပြောကြားသည်။

အဒီဘာယောနေရာ၌ ချာမက်နှင့် အစားထိုးမည်



အေစီမီလန်သို့ ပြောင်းရွှေ့မည့် အဒီဘာယော၏ နေရာတွင် အစားထိုးရန် ဘော့ဒိုးကလပ်မှတိုက်စစ်မှူး ချာမက်ကို အာဆင်နယ်က ခေါ်ယူရန် ကြိုးစားနေသည်။

ရစ်ချတ်ဒွန်အား ဆန်းဒါးလန်းခေါ်ယူရန် ဆွေးနွေး

မန်စီးတီးနောက်ခံလူ ရစ်ချတ်ဒွန်အား ဆန်းဒါးလန်းက ပြောင်းရွှေ့ကြေး ပေါင်၎ါးသန်းပေးမည်ဟု ပြောကြားလိုက်ပြီး ဆွေးနွေးမှုများ ပြုလုပ်နေသည်။

ပေါလ်ချာမာအား ဖူလ်ဟမ် ခေါ်မည်



ဝီဂန်ကွင်းလယ်ကစားသမား ပေါလ်ချာမာအား ပြောင်းရွှေ့ကြေး ပေါင်ခြောက်သန်းဖြင့် ဖူလ်ဟမ်က ခေါ်ယူရန် ဆွေးနွေးနေပြီဖြစ်သည်။

မောင်ချစ်ကြည် စုစည်းတင်ပြသည်

အိုးထရက်ဖို့ဒ်ကို အိုဝင် ရောက်လာမှာလား

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ ■ စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

လန်ဒန် ဇွန် ၂၀

ပရီမီယာလိဂ် သုံးထပ်ကွမ်းချန်ပီယံ မန်ယူအသင်းဟာ အဓိကဂိုးသွင်းပေးတဲ့ ကစားသမားနှစ်ဦး အသင်းက ထွက်ခွာတော့မှာမို့ အစားထိုးဖို့အတွက် ရှာဖွေနေပြီဖြစ်ပါတယ်။ ဒီလို ကစားသမားရှာဖွေတဲ့နေရာမှာ နယူးကာဆယ်အသင်းမှာ ကစားနေတဲ့ မိုက်ကယ်အိုဝင်ကို ပစ်မှတ်ထဲ ထည့်သွင်းထားတယ်လို့ ဆိုပါတယ်။

စိတ်ဝင်စား

မန်ယူကလပ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကတည်းက မိုက်ကယ်အိုဝင်ကို ခေါ်ယူဖို့ ကြံစည်ခဲ့ပေမယ့် အထမမြောက်ခဲ့ပါဘူး၊ ပြီးခဲ့တဲ့နှစ်က မန်ယူအသင်းမှာ တိုက်စစ်မှူးတွေ စုပုံနေတာမို့ တကယ်တမ်းမှာ မိုက်ကယ်အိုဝင်ကို ခေါ်ယူခဲ့ရင်လည်း အဓိကပွဲအတော်များများ ပွဲထွက်ခွင့်ရမှာ မဟုတ်ပါဘူး။

လက်ရှိအနေအထား

မန်ယူအသင်းတိုက်စစ်မှူးတွေရဲ့ လက်ရှိအနေအထားဟာ မလွဲမသွေ တိုက်စစ်မှူးအသစ် ထပ်ဖြည့်မှရမယ့် အခြေအနေဖြစ်နေတာမို့ နည်းပြဖာဂူဆန်ဟာ တိုက်စစ်အားကို အကူထောက်ပံ့ပေးနိုင်ရန်အတွက် မိုက်ကယ်အိုဝင်ကိုခေါ်ယူဖို့ စဉ်းစားနေခြင်းဖြစ်ပါတယ်။

ဖာဂူဆန်ဟာ အသက် ၂၉နှစ်အရွယ် ရှိနေပြီဖြစ်တဲ့ မိုက်ကယ်အိုဝင်ကို ခေါ်ယူဖို့ စဉ်းစားနေတာဟာ အင်္ဂလန်အသင်းမှာ ရှန်နေနဲ့တွဲကစားခဲ့ဖူးတဲ့အချက်လည်းပါဝင်နေပါတယ်။ ဒါပေမယ့် မန်ယူရဲ့အဓိက ပွဲထွက် တိုက်စစ်မှူး စာရင်းမှာထည့်သွင်းဖို့တော့ မဟုတ်ဘူးလို့ သုံးသပ်နေကြတယ်။ ဖာဂူဆန်အနေနဲ့ အဓိက တိုက်စစ်မှူးတွေရရှိဖို့ ကြိုးစားနေသလို အရန်တိုက်စစ်မှူး ဖြည့်ဆည်းဖို့အတွက် စီစဉ်ရမှာမို့ ပြင်သစ်နိုင်ငံ တောင်ပိုင်း မှာ အနားယူနေတဲ့ ရက်မပြည့်ခင် အင်္ဂလန်ကို ပြန်လာခဲ့ပြီ ဖြစ်ပါတယ်။

မန်ယူကခေါ်ယူရန် ချိန်ဆနေသည့် အိုဝင်။

၂၀၀၅ခုနှစ် ဩဂုတ်လက ပြောင်းရွှေ့ကြေးပေါင် ၁၇သန်းနဲ့ ရီးရဲမက်ဒရစ်ကနေ နယူးကာဆယ်ကို ပြောင်းရွှေ့ရောက်ရှိခဲ့တဲ့ မိုက်ကယ်အိုဝင်ဟာ နယူးကာဆယ်အတွက် ထိုက်တန်တဲ့ပေးဆပ်မှုမျိုးနဲ့ ဂိုးသွင်းပေးနိုင်ခြင်း မရှိသေးပါဘူး၊ ဒဏ်ရာတွေနဲ့လုံးပန်းနေရတဲ့ အချိန်များနေတာမို့ အရန်ခုံပေါ်မှာ ထိုင်နေရတဲ့အချိန်က များနေခဲ့ပါတယ်။

ဒဏ်ရာရ

မိုက်ကယ်အိုဝင်ဟာ အင်္ဂလန် ဘောလုံးအသင်းအတွက် စုစုပေါင်းဂိုး ၄၀ သွင်းယူပေးထားနိုင်တဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဒူးဒဏ်ရာပြင်းထန်စွာရရှိခဲ့လို့ နှစ်နှစ်လောက် ဆေးကုသမှု ခံယူနေခဲ့ရတာမို့ နယူးကာဆယ်အတွက် ထိရောက်တဲ့ စွမ်းဆောင်မှုမျိုး မပေးနိုင်ခဲ့ပါဘူး။ ပြီးခဲ့တဲ့ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာလည်း ပွဲအနည်းငယ်မှာပဲ ပါဝင်ကစားနိုင်ခဲ့ပါတယ်။

စာချုပ်သက်တမ်းပြည့်

နယူးကာဆယ်နဲ့ မိုက်ကယ်အိုဝင်တို့ရဲ့စာချုပ်က လေးနှစ်ဖြစ်တာမို့ မကြာခင်မှာ စာချုပ်သက်တမ်းပြည့်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် လောလောဆယ်မှာတော့ မိုက်ကယ်အိုဝင်ကို နယူးကာဆယ်က စာချုပ်ထပ်မံချုပ်ဆိုခြင်း မပြုသေးပါဘူး။ နယူးကာဆယ်ရဲ့ ဆန္ဒကတော့ မိုက်ကယ်အိုဝင်ကို စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့ မရှိတာမို့ အသင်းပြောင်းမယ်ဆိုရင် လွတ်လပ်စွာနဲ့ ပြောင်းရွှေ့လို့ရနေပြီ ဖြစ်ပါတယ်။

ဒါကြောင့် မန်ယူကအလွတ်ပြောင်းရွှေ့ခနဲ့ခေါ်ယူနိုင်မယ့် မိုက်ကယ်အိုဝင်ကို အသင်းရဲ့အရန်တိုက်စစ်မှူးအဖြစ်နဲ့ နည်းပြဖာဂူဆန် ခေါ်ယူမယူဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။

(အင်တာနက်)

ပို့စ်မောက်နောက်တန်းလူ ဂျွန်ဆင် ချယ်လ်ဆီးသို့ပြောင်းရန် သဘောတူပြီ

လန်ဒန် ဇွန် ၂၀

လီဗာပူးအသင်းက ပေါင် ၁၇ ဒသမ ၅ သန်းဖြင့်ခေါ်ယူရန် ကမ်းလှမ်းထားသော အင်္ဂလန်နောက်တန်းကစားသမား ဂလင်း ဂျွန်ဆင်အား ချယ်လ်ဆီးက ခေါ်ယူရန် ကမ်းလှမ်းဆက်သွယ်မှုကို သဘောတူလိုက်ပြီဖြစ်ကြောင်း ပို့စ်မောက်အသင်းက ပြောကြားသည်။

ဂျွန်ဆင်သည် ယခုသီတင်းပတ် အစောပိုင်းက လီဗာပူးသို့ပြောင်းရွှေ့ရန် သဘောတူထားခဲ့သည်။ သို့သော် ယခုအခါ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန်သာ ပို့စ်မောက်အသင်းက သဘောတူခဲ့သည်။ **(အင်တာနက်)**

တိုက်စစ်မှူးတောရက်စ် လီဗာပူးမှာပဲနေမည်

လန်ဒန် ဇွန် ၂၀

မိမိအား အင်န်ဖီးလ်မှ ထွက်ခွာရေး ကြိုးစားနေခြင်းကို မေ့ပစ်လိုက်ရန် လီဗာပူး တိုက်စစ်မှူးတောရက်စ်က ဘာစီလိုနာနှင့် မန်ယူကလပ်မှ တာဝန်ရှိသူများသို့ ပြောကြားလိုက်သည်။

ကမ်းလှမ်း

တောရက်စ်သည်မကြာမီက လီဗာပူးနှင့် စာချုပ်ထားသည်။ သို့သော် မန်ယူက စီရိုနယ်ဒိုအား ရီးရဲမက်ဒရစ်သို့ ရောင်းထုတ်ခဲ့ပြီးနောက် တောရက်စ်အား ခေါ်ယူရန် ပေါင်သန်း ၅၀ဖြင့် ကမ်းလှမ်းခဲ့သည်ဟု ဆိုသည်။

အလားတူ ဘာစီလိုနာက ဆက်သွယ်ခဲ့သည်ကိုလည်း အင်္ဂလန်မြေတွင် ပျော်ပိုက်နေပြီဖြစ်ကြောင်း တောရက်စ်က ပြောကြားသည်။ **(အင်တာနက်)**

စပိန်လက်ရွေးစင်အသင်း ရှုံးပွဲမရှိ စံချိန်တင်

ဂျိုဟန်နစ္စဘတ် ဇွန် ၂၀

စပိန်လက်ရွေးစင် ဘောလုံးအသင်းသည် ကမ္ဘာပေါ်တွင် ရှုံးပွဲမရှိစံချိန်အကြာဆုံး ထိန်းထားနိုင်သည့် အသင်းကောင်းဖြစ်ကြောင်း စပိန်အသင်းနည်းပြ ဗီစင်အေးဒယ်ဘော့စကျူးက ပြောကြားသည်။

စပိန်အသင်းသည် တောင်အာဖရိက၌ ယှဉ်ပြိုင်လျက်ရှိသော ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲများတွင် ဆက်တိုက်အနိုင်ရရှိထားသော အသင်းဖြစ်သည်။ စပိန်အသင်းသည် ၁၅ပွဲဆက်တိုက် နိုင်ငံတကာပွဲများ အနိုင်ရရှိထားသည်။ ဩစတြေးလျ၊ ဘရာဇီးနှင့် ပြင်သစ်တို့သည် ၁၄ပွဲစီအထိသာ ဆက်တိုက်အနိုင်ရရှိထားသည်။ ၃၅ပွဲ ရှုံးပွဲမရှိ စံချိန်တင်ထားသည့် အသင်းလည်းဖြစ်သည်။ (အင်တာနက်)

အလွန်ဆို ပြောင်းရွှေ့မည့်ကိစ္စ ကာရေဂါ ပူပန်နေ

လန်ဒန် ဇွန် ၂၀

စပိန်ကွင်းလယ်ကစားသမား ဇာဘီ အလွန်ဆိုနှင့်အတူ အင်န်ဖီးလ်၌ ဆက်လက်ကစားမည်ဖြစ်ကြောင်း လီဗာပူးနောက်တန်းကစားသမား ကာရေဂါက ပြောကြားလိုက်သည်။

စိုးရိမ်ပူပန်

အလွန်ဆိုက ရီးရဲမက်ဒရစ်၏ ပေါင်သန်း ၂၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းလာမှုအပေါ် ငြင်းဆိုလိုက်သည်။ သို့သော်လည်း အမေရိကန်သူဌေး လီဗာပူးအသင်းပိုင်ရှင်သည် ငွေကြေးအခက်အခဲကြောင့် အလွန်ဆိုအား ရောင်းထုတ်မည်ကို ကာရေဂါက စိုးရိမ်ပူပန်နေသည်။ (အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ဗစ်တေးကလစ်ကို ဒေးဗစ်ဟေးလ်နှင့် ထိုးသတ်လို

လန်ဒန် ဇွန် ၂၀

ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံ ဗစ်တေးကလစ်ကို **(အောက်ယာပုံ)** က ဗြိတိသျှလက်ဝှေ့သမား ဒေးဗစ်ဟေးလ်နှင့် ထိုးသတ်ရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြား လိုက်သည်။

ဒေးဗစ်ဟေးလ်သည် ဗစ်တေးကလစ်ကိုနှင့် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ဒဗလျူဘီအို ချန်ပီယံဝါဒီမီယာနှင့်သာ ထိုးသတ်ရန် သဘောတူညီခဲ့သည်။ ဒေးဗစ်ဟေးလ်နှင့် ဗစ်တေးကလစ်ကိုတို့သည် စက်တင်ဘာလတွင် ထိုးသတ်ဖွယ်ရှိကြောင်း ဟေးလ်၏ မန်နေဂျာက ပြောကြားသည်။ အသက် ၂၈နှစ်ရှိ ဟေးလ်ကလည်း ကလစ်ကိုနှင့် ထိုးသတ်ရန် ဇူလိုင်လတွင် အသင့်ဖြစ်လိမ့်မည်ဟု ဆိုသည်။ **(အင်တာနက်)**



ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲမှ လက်ရှိချန်ပီယံ နုတ်ထွက်

လန်ဒန် ဇွန် ၂၀

ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲ လက်ရှိချန်ပီယံ ရာဖေးလ်နာဒယ်သည် ယခုနှစ်တွင် ဒူးခေါင်းဒဏ်ရာများ ရရှိထားသဖြင့် ဖလားဆွတ်ခူးနိုင်ခြင်း မရှိတော့ကြောင်း ၎င်းက ဝန်ခံပြောကြားလိုက်သည်။

နာဒယ်သည် ဇွန် ၁၉ရက်မှစပြီး အဆိုပါ ဖလားယှဉ်ပြိုင်ခြင်းမှ နုတ်ထွက်လိုက်ပြီဖြစ်သည်။ မိမိအနေဖြင့် ဖလားကို ကာကွယ်ကစားသွားရန် ဆန္ဒအပြည့်အဝရှိကြောင်း၊ သို့သော် ဒဏ်ရာများကြောင့် ယှဉ်ပြိုင်ရန် အသင့်မဖြစ်၍ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်ကြောင်း ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်က ပြောကြားသည်။ **(အင်တာနက်)**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နေ
ဦးစိုင်းအောင်မြင့် - ဒေါ်နန်းလှထွေးတို့၏သား

ဗိုလ်ကြီးစိုင်းစိုင်းဟတ်

M.A (Eng) (D.S.A)

နှင့်

မန္တလေးမြို့နေ
ဗိုလ်မှူးချုပ် သန်းထွန်းအောင် (ဒုတိယတိုင်းမှူး၊
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်) - ဒေါ်မို့မို့နွယ်တို့၏သမီး

ဒေါက်တာဆုမွန်အောင်

B.D.S (Ygn)

တို့၏ ၁၈-၆-၂၀၀၉ရက်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးမင်္ဂလာတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်အားလည်းကောင်း၊ ၂၀-၆-၂၀၀၉ရက် (စနေနေ့)တွင် Oriental House (မန္တလေး)၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့်ဇနီး ဒေါက်တာဒေါ်ခင်သီတာ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် (မြို့တော်ဝန်၊ မန္တလေးမြို့)နှင့်ဇနီး ဒေါ်မိုးသီတာ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိဧည့်သည်တော်များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးစိုင်းစိုင်းဟတ် - ဒေါက်တာဆုမွန်အောင်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမျိုးလွင်(၂၂၅/B ရုံ - သိမ်ကြီးဈေး) - ဒေါ်တင်ဝင်းတို့၏သားကြီး၊
မောင်သက်လွင်ဝင်း၊ ဒေါက်တာမျိုးသူရဝင်းတို့၏အစ်ကို

မောင်ဇော်မျိုးဝင်း

B.E (Civil) Y.T.U
Today ရေသန့်

နှင့်

ရေနံချောင်းမြို့နေ ဦးမင်းလွင် - ဒေါ်လှလှမြင့် (ကမ္ဘာကျော်စတိုး)တို့၏ သမီးကြီး၊
မောင်ကျော်စွာလွင် Helmsion Engineering Pte.,Ltd. Singapore ၏ညီမ၊
မသဲသက်စု (NTU,Singapore)၏ အစ်မ

မဝတ်ရည်ခင်

B.Arch (Y.T.U)
P&T Consultants Pte.,Ltd. Singapore

တို့၏ ၂၄-၅-၂၀၀၉ရက်တွင် Traders Hotel၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးတင်ထွဋ်နိုင်(တရားရုံးချုပ် တရားသူကြီး-ငြိမ်း)နှင့် ဇနီးဒေါ်စောသီရိသိင်္ဂီ၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးညွန့်မောင်စန်း(အင်ဂျင်နီယာချုပ်၊ ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့် ဇနီးဒေါ်ထိပ်တင်စိုး (ဒုတိယအင်ဂျင်နီယာမှူးကြီး - ငြိမ်း)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မချိုသက်ထွန်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ချောစုနှင့် ဦးခင်မောင်လေး(Picture man)၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေပေးသော Spectrum တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးပါသော မချစ်သုဝေ၊ ဆံပင်မိတ်ကပ် အောင်အောင် (တောင်ကြီး)တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောမိဘ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ညီအစ်ကိုမောင်နှမများနှင့် သူငယ်ချင်းများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇော်မျိုးဝင်း - မဝတ်ရည်ခင်။

တိုက်ခန်းရောင်းမည်

ပေ၂၀×ပေ၄၀ (လေး)လွှာ
ရေ၊ မီးစုံ (RC)
ကျွန်းပါကေး ကြွေပြားအပြည့်
နေထိုင်ရန် အဆင်သင့်
ရတနာလမ်းသွယ်၊
ဦးချစ်မောင်လမ်း
ဗဟန်းမြို့နယ်။
ဖုန်း-၀၉-၅၀-၂၃၀၃၈
ညှိနှိုင်းဈေး-(ကျပ်သိန်း-၂၂၀)

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ကြီးမှူးဖွင့်လှစ်သော မြို့နယ်အရန် သားဖွားဆရာမသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၅ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ထူးချွန်ဆု ရရှိသူများအားဆုများပေးအပ်ချီးမြှင့်စဉ်။
(၀၉၇)

သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ဥသျှာယူနိုက်တက်နှင့် Southern Myanmar တို့ တစ်မှတ်စီခွဲယူ

သတင်းမြင်ကွင်း-ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

MNL CUP GRAND ROYAL 2009

ရန်ကုန် ဇွန် ၂၀

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၉)ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင်ကျင်းပရာ ပဲခူးတိုင်း ကိုယ်စားပြု ဥသျှာယူနိုက်တက် F.C နဲ့ တနင်္သာရီ၊ မွန်၊ ကရင် ကိုယ်စားပြု Southern Myanmar F.C တို့ တစ်ဖက်တစ်ဂိုးစီ သရေကျသွားပါတယ်။

ဥသျှာယူနိုက်တက် -တစ်ဂိုး
Southern Myanmar -တစ်ဂိုး

လူငယ် ကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့ဥသျှာယူနိုက်တက် F.C နဲ့ Southern Myanmar F.C တို့ရဲ့ တွေ့ဆုံမှုဟာ ဗိုလ်လုပွဲအတွက် မဟုတ်ပေမယ့် အလယ်အလတ်အဆင့်ရရှိရေးအတွက် ဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပါတယ်။ ပထမပိုင်းမှာ ဂိုးသမားရဲ့ အမှားကနေ Southern Myanmar တို့ ဂိုးစရခဲ့သလို ဒုတိယပိုင်းမှာ ဥသျှာယူနိုက်တက်တို့ ပယ်နယ်တီကနေ ချေပဂိုးပြန်ရပြီး တစ်မှတ်စီ ရရှိခဲ့တာကြောင့် နှစ်သင်းစလုံးအတွက် ကျေနပ်သင့်တဲ့ အဖြေပဲဖြစ်ပါတယ်။

လက်ထိဘော

ပွဲအစပိုင်းမှာ နှစ်သင်းစလုံး ကစားကွက်တည်မရပေမယ့် နောက်ပိုင်းမှာတော့ ကစားကွက်ပြန်မိလာတဲ့ Southern Myanmar F.Cတို့ ခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပါတယ်။ ဒဏ်ရာကြောင့် နားနေရတဲ့ ကစားသမားတွေ အပါအဝင် ဟိန်းရာဇာဝင်း၊ မိုင်းအိုက်နိုင်၊ ကျော်သက်ဦး၊

အကောင်းဆုံးဆုရ Southern Myanmar အသင်းမှ ဘီဂျိမ်းထွေး ဆုယူအပြီး တွေ့ရစဉ်။
(မြန်မာ့အလင်း)

ကိုကိုအောင်စတဲ့ အမာခံကစားသမားတွေပါဝင်လာပေမယ့် ဥသျှာယူနိုက်တက်ရဲ့ ကစားပုံကတော့ အကောင်းဆုံး အနေအထားမှာ မရှိခဲ့ပါဘူး။ ၂၆မိနစ်မှာ အောင်ရဲထွဋ်ကန်သွင်းတဲ့ဘောလုံး ဂိုးဝင်သွားပေမယ့် လက်ထိဘော ဖြစ်နေလို့ Southern Myanmar နစ်နာခဲ့ရပါတယ်။

၂၉မိနစ်မှာ ဥသျှာယူနိုက်တက်အသင်း ဂိုးရနိုင်တဲ့ အခွင့်အရေးရခဲ့ပေမယ့် Southern Myanmar ဂိုးသမား ပြည့်ဖြိုးအောင် အနာခံကာကွယ်ခဲ့ရပါတယ်။ ဂိုးမပေးလိုက်ရပေမယ့် ဂိုးသမား ပြည့်ဖြိုးအောင်ဟာ လက်ခလယ်နဲ့ လက်ညှိုးကြားကွဲသွားပြီး လေးချက်အထိ ချုပ်ခဲ့ရပါတယ်။ Southern Myanmar အသင်းဟာ ဂိုးရရှိဖို့တွဲလုံးတွေကနေ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ၃၇မိနစ်မှာတော့ ဦးဆောင်ဂိုးစရခဲ့ပါတယ်။ ကိုကိုမောင် အလယ်ကြောကပေးတာကို တိုက်စစ်မှူး ဘီဂျိမ်းထွေးက ထောင့်ကျဉ်းထဲကို ကန်သွင်းခဲ့တာဖြစ်ပြီး ဥသျှာဂိုးသမား ကိုကိုအောင် အမှားကနေ ရရှိခဲ့တာဖြစ်ပါတယ်။

ဒုတိယပိုင်းမှာတော့ ဥသျှာယူနိုက်တက် အသင်းဟာ ချေပဂိုး ရရှိဖို့အတွက် တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ ၄၆မိနစ်မှာ တိုက်စစ်မှူး ဟိန်းရာဇာဝင်းအပိုင်ကန်ခွင့်ရပေမယ့် ဘေးထွက်သွားလို့ ဥသျှာယူနိုက်တက်နစ်နာခဲ့ရပါတယ်။ Southern Myanmar အသင်းဟာ စိုးရိမ်စိတ်တွေများပြီး နောက်ကိုဆင်းခံနေလို့ ဥသျှာယူနိုက်တက်တို့ ပိုဖိကစားနိုင်ခဲ့တယ်ဆိုရင် မမှားပါဘူး။ မိနစ်၇၀ မှာ ဟိန်းရာဇာဝင်းအစားဝင်လာတဲ့ ဇင်မင်းထက်ရဲ့ ခေါင်းတိုက်ချက်ဂိုးထဲ ဝင်ခါနီးမှ Southern Myanmar နောက်ခံလူ နိုင်လင်းဦး ဖျက်ထုတ်နိုင်ခဲ့ပါတယ်။ လူစားလဲမှုတွေပြုလုပ်ပြီး ကစားအားတင်လာတဲ့ ဥသျှာယူနိုက်တက်တို့ ၇၆ မိနစ်မှာ ချေပဂိုး ပြန်ရခဲ့ပါတယ်။ ဘယ်တောင်ပံကစားသမား ကျော်ဖြိုးဦးရဲ့ ထိုးဖောက်မှုကို Southern Myanmar နောက်ခံလူ နိုင်လင်းဦး ဖျက်ထုတ်တာကြမ်းတဲ့အတွက် ကွင်းလယ်ဒိုင်က ဥသျှာယူနိုက်တက်ကို ပယ်နယ်တီကန်ခွင့်ပေးခဲ့ပါတယ်။ အဲဒီ ပယ်နယ်တီကို တိုက်စစ်မှူး မိုင်းအိုက်နိုင်က သွင်းယူခဲ့လို့ တစ်ဖက်တစ်ဂိုးစီ သရေနဲ့ ပွဲပြီးဆုံးခဲ့တာ ဖြစ်ပါတယ်။

ပွဲအပြီးမှာ အကောင်းဆုံးဆုရ Southern Myanmar တိုက်စစ်မှူး ဘီဂျိမ်းထွေးကို Grand Royalမှ ငွေကျပ်ငါးသိန်း ချီးမြှင့်ခဲ့ပါတယ်။

ကျေနပ်ခဲ့ရ

ဥသျှာယူနိုက်တက် နည်းပြချုပ် ဦးဝင်းတင်က **"ပြိုင်ပွဲတစ်လျှောက်မှာ အခုပွဲကစားပုံ အညံ့ဆုံးပါပဲ၊ မပေးသင့်တဲ့ ဂိုးပေးခဲ့ရသလို ရသင့်တဲ့ဂိုးတွေ မရခဲ့ပါဘူး၊ ပထမပိုင်း ကစားပုံကတော့ တော်တော်ညံ့ပါတယ်၊ အနိုင်ရဖို့ ရည်ရွယ်ပြီး ကစားခဲ့ပေမယ့် သရေတစ်မှတ်နဲ့ပဲ ကျေနပ်ခဲ့ရပါတယ်၊ မိုးကလည်းရွာတော့ ကစားသမားတွေ မမှားသင့်တဲ့ အမှားတွေ ရှိခဲ့ပါတယ်၊ ပေးလိုက်ရတဲ့ ဂိုးကတော့ ဂိုးသမားအမှားကြောင့်ပါ၊ ရတနာပုံနဲ့ နောက်ဆုံးပွဲမှာ ရလဒ်ကောင်းရဖို့ ကြိုးစားသွားမှာပါ"** ဟု ပြောကြားခဲ့ပါတယ်။

စိုးရိမ်စိတ်

Southern Myanmar F.C နည်းပြချုပ် ဦးကျော်တင့်က **"အခုပွဲကို အနိုင်ရမယ်လို့ ယုံကြည်ခဲ့တာပါ၊ ဒုတိယပိုင်းမှာ ကစားသမားတွေ မှာကြားသလို မကစားနိုင်ခဲ့ပါဘူး၊ ခံစစ်မကစားဖို့ မှာပေမယ့် ကစားသမားတွေက စိုးရိမ်စိတ်များပြီး နောက်ဆင်းခံလို့ ဖြစ်သွားတာပါ၊ ကွင်းထဲမှာ အသင်းကို ဦးဆောင်နိုင်မယ့် ကစားသမား မပါတာလည်း ပါတာပေါ့"** ဟု ပြောကြားသွားခဲ့ပါတယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ကမ္ဘောဇ F.C
ရန်ကုန်ယူနိုက်တက် F.C

(မြန်မာ့အလင်း)

ဥသျှာယူနိုက်တက် အသင်းနှင့် Southern Myanmar အသင်း ပွဲစဉ်ကို ဘောလုံးဝါသနာအိုးများ ကြည့်ရှုအားပေးကြစဉ်။
(မြန်မာ့အလင်း)

စိန်ပေါလ်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဇွန် ၂၀

စိန်ပေါလ် ကျောင်းသားဟောင်းများ အထက(၆) ဗိုလ်တထောင် ကျောင်းသားဟောင်းများ၏ နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကိုလာမည့် ဇွန် ၂၆ရက် (သောကြာနေ့) နံနက် ၆နာရီခွဲတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသော ကျောင်းသားဟောင်းများ အနေဖြင့် ဗိုလ်မှူးကြီး မိုက်ကယ်လှမြင့်(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း- ၅၈၀၂၂၁၊ ဦးမောင်မောင်မြင့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၄၇၄၅၅၊ ၀၉-၅၁-၈၈၃၀၆၊ ဦးသိန်းဆွေ အတွင်းရေးမှူး ဖုန်း-၂၄၁၂၂၄၊ ၃၈၈၁၈၈၊ ၀၉-၅၁-၉၃၄၃၄၊ ဦးဆန်နီတင့်ဇော် ဖုန်း-၀၉-၅၀-၄၂၉၇၉နှင့် ဦးအယ်ဒီဘဦး ဖုန်း-၀၉-၅၀-၁၉၀၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ပန်းချီ၊ ပိုစတာပြိုင်ပွဲများ တာမွေ၌ကျင်းပ

ရန်ကုန် ဇွန် ၂၀

တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တာမွေမြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် တာမွေရိပ်မွန် (DIC)တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ယနေ့နံနက်၉နာရီက အထက (၃) တာမွေ ကျောင်းခန်းမတွင် ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ တာမွေမြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန်နှင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးလှဝင်းနှင့် အလုပ်အမှုဆောင်များ၊ တာမွေရိပ်မွန်(DIC)မှ တာဝန်ခံဆရာဝန် ဒေါက်တာထင်ကျော်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ဆုရရှိသူများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်ပေးအပ်မည်ဖြစ်သည်။ **(၁၃၅)**

မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ကျေးလက်ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ကွမ်တာ-ကင်းချောင်းလမ်း ကတ္တရာခင်းဆောင်ရွက်ပြီးစီးမှုကို မေ ၉ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင်ကျင်းပ

ကော့ကရိတ် ဇွန် ၁၀

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် မေ၂၉ရက် နံနက်၁၀နာရီက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ကရိတ်-ကျုံဒိုးလမ်း ရေပူကြီးကျေးရွာအုပ်စု မိုင်တိုင်အမှတ်(၇/၀)၌ ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး ကျွန်းပင်ကို စိုက်ပျိုးပေးသည်။(အပေါ်ပုံ)

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးလက်ပြည်သူများသို့ ကျွန်းနှင့် ယူကလစ်ပျိုးပင်များ ဖြန့်ဝေပေးအပ်ကြပြီး ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တက်ရောက်ကြသည့် ကော့ကရိတ်ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရေပူကြီး၊ လေးတိုင်၊ ငါးတိုင်၊ လှိုင်ကွယ်၊ တောင်ကြာအင်း၊ မြောက်ကြာအင်းကျေးရွာများမှ ပြည်သူများသည် လမ်းဘေးဝဲယာ ကျွန်းပင်၄၀၀၊ တစ်အိမ်ထောင်ကျွန်းသုံးပင်နှုန်းဖြင့် အပင်၁၅၀၊ ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းအဖြစ် ယူကလစ် အပင်၂၄၀၀ တို့အား တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ပတ်ဝန်းကျင်နေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲ သံတောင်ကြီး၌ကျင်းပ

သံတောင်ကြီး ဇွန် ၁၀

သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်နေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၃ရက် နံနက် ၇နာရီခွဲက သံတောင်ကြီးမြို့ အထကကျောင်းဝင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောခူးရီနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်မြင့်တို့က စိန်ပန်းပြာပင်ကို စိုက်ပျိုးပေးခဲ့ပြီး **(အောက်ပုံ)** သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက သစ်တောဦးစီးဌာန၏ ပျိုးပင်များ ဖြစ်သော ချယ်ရီ၊ စိန်ပန်းပြာ၊ စွယ်တော်၊ အော်ရေးရှား၊ ယူကလစ်နှင့် သပြေ စုစုပေါင်း အပင် ၂၅၀ ကို တပျော်တပါးစိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး(၂) ဦးဇော်မျိုးထွန်းနှင့်အဖွဲ့ ဇွန် ၆ရက်က ရေသန့်စက်ရုံများကို သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်မှု ရှိမရှိ စစ်ဆေးရာ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

၂၀၀၉-၂၀၁၀ စီမံကိန်းရည်မှန်းချက် ကောလင်း၌ တာဝန်ပေးအပ်

ကောလင်း ဇွန် ၁၀

ကောလင်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ရက်က ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်က စီမံကိန်းရည်မှန်းချက်နှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်စီမံကိန်းဦးစီးမှူးဦးဝင်းက စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်ရေးအခြေအနေကိုလည်းကောင်း ပြောကြားပြီး ဌာနဆိုင်ရာနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌများအား စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်က ပေးအပ်သည်။ (ဝ၃၂)

၂၀၀၉ခုနှစ် သစ်ပင်စိုက်ပျိုးပွဲတော် စလင်းမြို့ မြို့မအားကစားကွင်း၌ ကျင်းပ

စလင်း ဇွန် ၈

မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၀၉ ခုနှစ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁ရက်က မြို့မအားကစားကွင်း မြေကွက်လပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှထွဋ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ အင်အား ၂၀၀ ကျော်တက်ရောက်ကြသည်။

စုပေါင်းစိုက်ပျိုး

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးကျော်မင်းက စိမ်းလန်းစိုပြည်ရေး ဦးစီးအရာရှိ ဦးဌေးဝင်းတို့နှင့် ဝန်ထမ်းများက စိုက်ပျိုးနည်းကိုသရုပ်ပြရှင်းလင်းပြီး မြို့နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ကျွန်းပျိုးပင်၆၀၀ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ပန်းအလှ စိုက်ပျိုး

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ်မှစ၍ လမ်းဘေးဝဲ ယာတစ်လျှောက် ပန်းအလှပင် စုစုပေါင်း ၅၅၀ စိုက်ပျိုးခြင်းလုပ်ငန်းကို ဇွန် ၈ရက်က အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးဆောင်ရွက်ရာ မေ ၃၀ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးပြည်ထွန်း ဦးဆောင်၍ အေးချမ်းသာယာရပ်ကွက် သီတာလမ်း ဂဝံခင်းခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိုင်းကိုင်၌ သစ်ပင်စိုက်ပွဲ ကျင်းပ

မိုင်းကိုင် ဇွန် ၈

လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို မေ ၂၈ရက် နံနက် ၁၀ နာရီက မဟတ်ကျေးရွာ တွဲဖက်အထကကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးတင်စိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ အဆိုပါ သစ်ပင်စိုက်ပွဲတော်၌ ခါတော်မှီ၊ ယူကလစ်၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ မဲဇလီ၊ အော်ရေးရှားပျိုးပင် စုစုပေါင်း ၁၀၂၈ ပင် စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

မှုခင်းသတင်း မျှောပိုက်ရေယာဉ်ပေါ် အရက်မူးရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

ဖျာပုံ ဇွန် ၁၀

မျှောပိုက်ရေယာဉ်ပေါ်တွင် အရက်မူးရန်ဖြစ်ရာက ဝင်ရောက်ဖျန်ဖြေသူ မြင့်ငွေ(၄၅)နှစ်က အရက်မူးရမ်းကားသူ ဦးတင်ရွှေ(၄၇နှစ်)အား ငါးခွဲဓားဝိုင်းဖြင့် ထိုးမှု ဧပြီ ၃၀ရက်က ဖျာပုံမြို့နယ်၌ ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဧပြီ ၃၀ရက် ညနေ ၅နာရီခန့်က ဟိုင်းကြီးကျွန်း စံပြကျေးရွာနေ မျှောပိုက်ဦးစီး ဦးလှသိန်း (၄၁နှစ်)နှင့် ရေလုပ်သားများသည် ဟိုင်းကြီးကျွန်းစံပြကျေးရွာမှ ဦးဘရွှေပိုင် မျှောပိုက်ရေယာဉ်ပေါ်သို့ ရေခဲများချပြီး ဖျာပုံမြို့ (၁၂)ရပ်ကွက် ရေခဲဒိုင်ဆိပ်မှ ထွက်လာစဉ် အခြားလေးမြစ်တန်းကွေ့အရောက်၌ ရေယာဉ်စက်ခန်းအနီးမှ ဆူညံသံများ ကြားရသဖြင့်ဦးလှသိန်းသည် ရေယာဉ်ခေါင်မိုးပေါ်မှ ပြေးဆင်းကြည့်ရာ ရေလုပ်သား ဦးတင်ရွှေ(၄၇နှစ်)၏ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်နှင့်အတူ အနီး၌ စက်ဆရာကိုဝင်းနိုင်ဦး၊ ဦးလှကြည်နှင့် ဦးကြည်ဝင်းတို့အား တွေ့ရသဖြင့် အကျိုးအကြောင်းမေးမြန်းရာ အရက်မူးနေသူ ဦးတင်ရွှေမှာ အိပ်ပျော်နေသော ဦးလှကြည်အား ခြေထောက်ဖြင့်ကန်ရာမှ စကားများကြရာ စက်ဆရာ ကိုဝင်းနိုင်ဦးက ဝင်ရောက် ဖျန်ဖြေသော်လည်း ဦးတင်ရွှေမှာ ဆက်လက်ရမ်းကားနေ၍ စားဖိုလုပ်သား မြင့်ငွေ(၄၅နှစ်) က ဝင်ရောက်တားမြစ်ရာမှ စကားများရန်ဖြစ်ပြီး လက်ထဲတွင် အသင့်ကိုင်ထားသော ငါးခွဲဓားဝိုင်းဖြင့် ထိုးလိုက်သဖြင့် ဦးတင်ရွှေ၏ဝမ်းဗိုက်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြသည်။

သို့ဖြစ်၍ ဦးတင်ရွှေ (၄၇နှစ်)အား ဒဏ်ရာရရှိအောင် ငါးခွဲဓားဖြင့် ထိုးသူ မြင့်ငွေ (၄၅နှစ်)အား အရေးယူပေးပါရန် တိုင်တန်းသဖြင့်ဖျာပုံရဲစခန်းက(ပ)၁၁၉/၂၀၀၉ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆အရ အမှုဖွင့်စစ်ဆေးနေစဉ် အခင်းဖြစ်နေရာမှ ရရှိသော ဒဏ်ရာဖြင့် ဦးတင်ရွှေသည် ထိုနေ့ည ၉နာရီကျော်ခန့်တွင် သေဆုံးသွားကြောင်းသိရ၍ ဖျာပုံရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၀၂သို့ ပြောင်းလဲပြီး ဟိုင်းကြီးကျွန်းစံပြကျေးရွာနေ မြင့်ငွေ (၄၅နှစ်)အား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(၁၃၉)**

ကြည့်ရှုစစ်ဆေး

ရွှေဘိုမြို့နယ် မီးသတ်စခန်း၌ မေ ၂၆ရက်က မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း စခန်းရှိ မီးသတ် စက်/ယာဉ် ကြံ့ခိုင်မှုနှင့် တပ်ဖွဲ့ဝင်များအား ကြည့်ရှုစစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

ရွှေတောင်ချည်မျှင်နှင့် အချောကိုင်စက်ရုံ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ချီးမြှင့်

ရွှေတောင် ဇွန် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ ဝန်ထမ်းသားသမီးများအား ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ချီးမြှင့်ပွဲနှင့် ဆရာ ဆရာမများ ဂုဏ်ပြုချီးမြှင့်ပွဲကို မေ ၂၈ရက် နံနက်က စက်ရုံဝိဇယမင်္ဂလာ ခမ်းမှာရုံအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စက်ရုံမှူး ဦးဇော်ဝင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စက်ရုံနယ်မြေ အလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် စက်ရုံနယ်မြေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စက်ရုံမှူး ဦးဇော်ဝင်းမောင်က ပညာသင်စရိတ် ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး **(ယာပုံ)** ဝန်ထမ်းသားသမီး ၄၅၆ဦးအတွက် ကျောင်းစိမ်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ပညာသင်စရိတ် စုစုပေါင်းတန်ဖိုး ငွေ ၃၃၉၈၅၈၉ ကျပ် ပံ့ပိုးချီးမြှင့်ပေးခဲ့သည်။

(စက်မှု-၁)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို မေ ၁၂ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဗားလုံကျေးရွာ ရေပေးရေး ဆောင်ရွက်

ဖလမ်း ဇွန် ၁၆

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖလမ်းမြို့နယ် ဗားလုံကျေးရွာ ရွာတွင်း ရေဖြန့်ဝေလိုင်း တပ်ဆင်ပြီးစီးမှုအခြေအနေကို ဇွန် ၁၄ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထလာဟာရဲနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလာလ်ဟုတ်ထန်းတို့က ရေပိုက်လိုင်း တပ်ဆင်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉- ၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော အမှတ်(၇)လမ်း ကတ္တရာလမ်းသစ်ဆောင်ရွက်မှုကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးမင်းဟန်နှင့် အမှုဆောင်အရာရှိ ဦးကျော်ဇင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေးမြို့နယ်၌ကျင်းပ

ရေး ဇွန် ၁၅

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၄ရက် နံနက် ၈ နာရီက ရေးမြို့နယ် တူးမြောင်းကျေးရွာ ရေး-မော်လမြိုင်ကားလမ်းဘေး၌ ကျင်းပသည်။ (အောက်ပုံ)

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့်ဇနီး၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇော်သက်နှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပေးအပ်

ရေးဦးစွာ ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့်ဇနီး ဒေါ်နန်းယဉ်မေဝင်းတို့က ပျိုးပင်များပေးအပ်ရာ လူမှုရေးအသင်းအဖွဲ့များကလည်းကောင်း၊ ဗိုလ်မှူးကြီးခင်မောင်ချိုက ပျိုးပင်များပေးအပ်ရာ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများကလည်းကောင်း လက်ခံရယူပြီးနောက် တက်ရောက်လာသူများက လှည့်လည်ကြည့်ရှု အားပေးသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကုံကော်၊ ခရေ၊ သစ်ဆိမ့်၊ စိန်ပန်းကြီး၊ မန်ကျည်း၊ ယူကလစ်၊ မဲဇလီ၊ မန်ဂျီယန်ရှား စသည့်ပျိုးပင်ပေါင်း ၄၅၀၀ ကျော် စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

သမအသင်းစုပွဲ့စည်းရေး အင်းတော်၌ ဆွေးနွေး

အင်းတော် မေ ၁၉

အင်းတော်မြို့နယ် ဓနကမ္ဘာအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ ၂၀၀၈-၂၀၀၉ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် မြို့နယ်ကိုယ်စားပြု အင်းတော်မြို့နယ် သမဝါယမအသင်းစု ပြင်ဆင်ဖွဲ့စည်းရေး အခမ်းအနားကို မေ ၁၇ရက် နံနက်၁၀နာရီက အင်းတော်မြို့နယ် သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ ၂၀၀၈-၂၀၀၉ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အဖွဲ့အတွင်းရေးမှူး ဦးစိန်ဒေါင်းက ဖတ်ကြားရှင်းလင်း တင်ပြရာ အသင်းဝင်ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြသည်။

ဆက်လက်၍ ဆွေးနွေးအကြံပြုချက်များကို ဒါရိုက်တာအဖွဲ့က ပြန်လည်ဆွေးနွေးခြင်း၊ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုဆွေးနွေးကြသည်။ (၀၁၀)

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၃)ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မြို့နယ်ဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုးနှင့် ဒုတိယရဲမှူးကျော်စွာတို့ ဧပြီ ၃၀ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်က လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပေါင်မြို့၌ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

ပေါင် ဇွန် ၁၀

၂၀၀၉-၂၀၁၀ နှစ်စဉ် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြက ၂၀၀၉-၂၀၁၀ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် စီမံကိန်းဦးစီးအရာရှိဦးညွှန့်လှိုင်က စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌက ၂၀၀၉-၂၀၁၀ စီမံကိန်း ရည်မှန်းချက် တာဝန်များကို ပေးအပ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး မြင်းခြံ-မန္တလေး ကားလမ်းဘေး မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

စီမံကိန်းတာဝန် မြင်းခြံ၌ပေးအပ်

မြင်းခြံ ဇွန် ၅

မြင်းခြံခရိုင်၏ ၂၀၀၉-၂၀၁၀ နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၂၀ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံကိန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ၂၀၀၉-၂၀၁၀ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးက ငါးမြို့နယ်ဥက္ကဋ္ဌများနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများအား နှစ်စဉ်ရည်မှန်းချက်တာဝန်များ ပေးအပ်သည်။ (၀၈၇)

21-6 (16).pmd 1 6/21/2009, 4:09 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင်းဖျင်က ဂုဏ်ပြုကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်တို့ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ **Great Hall of People** အရှေ့ဘက်ခန်းမကြီး၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ရှီကျင်းဖျင်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇွန် ၁၆ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ Great Hall of People အရှေ့ဘက်ခန်းမကြီး၌ ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိ

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်နှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန် ၁၅ ရက် နံနက် ၁၀နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီ မိနစ် ၅၀တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ခရီးဦးကြိုဆို

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်းနှင့် စီချွမ်ပြည်နယ် နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာထန်ဟုန်တို့က ဂါရဝပြု ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟူကျန်းယွဲ့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)